ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-11-2008) (၅၅၃)

**ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ**

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ တောင်သူဦးကြည်၏ အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ※ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>※ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>※ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>※ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ※ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>※ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>※ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>※ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ※ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>※ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>※ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>※ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နေပြည်တော်တပ်ကုန်းမြို့နယ် ဝါစိုက်ခင်းများ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတောင်သူဦးကြည်၏ ကွင်းအမှတ် (၁၃၀၄)၊ ဦးပိုင်အမှတ်(၄၃)တွင် စိုက်ပျိုးထားရှိသော အောင်မြင်ဖြစ်ထွန်းနေသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ ၂ ဒသမ ၅ ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် ဝါစိုက်ပျိုးရေး မန်နေဂျာက ဝါစိုက်ခင်းအတွင်း ပင်ကြားတန်းကြား သုံးပေခြားစနစ်ဖြင့် စိုက်ပျိုးထားမှု၊ တစ်ကျင်းလျှင် နှစ်ပင်နှုန်းဖြင့် တစ်ဧကလျှင် ဝါပင် ၉၆၈၀ စိုက်ပျိုးထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ်တွင် ဝါစိုက်ပျိုးရန်အတွက် လျာထားဧက ၁၁၉၀၀ သတ်မှတ်ပြီး လက်ရှိတွင် ၁၂၀၀၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

**စာမျက်နှာ ၉ ကော်လံ ၇ သို့ ✧**

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ) မှတ်တမ်းဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)



# အထက်မြန်မာနိုင်ငံစပါးကျီအတွက် အားကောင်းမောင်းသန် သဖန်းဆိပ်တမံ

ကြေးမုံသတင်းအဖွဲ့သည် စစ်ကိုင်းတိုင်းရွှေဘိုခရိုင် ရွှေဘိုမြို့မှ ကန့်ဘလူမြို့နယ်ရှိ ကာဘိုးရေလွှဲဆည်သို့ ဦးတည်ထွက်ခွာခဲ့သည်။ ခရီးစဉ်၏ ရည်ရွယ်ချက်မှာ စစ်ကိုင်းတိုင်း၏ စပါးကျီဟု တင်စားခေါ်ဝေါ်ရသည့် ရွှေဘိုခရိုင်၏ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေပေးဝေနေသည့် ကာဘိုးနှင့် ကင်းတပ်ဆည်တို့၏ အဓိကရေအရင်းအမြစ်ဖြစ်သည့် သဖန်းဆိပ်ရေလှောင်တမံသို့ သွားရောက်လေ့လာရန်ဖြစ်သည်။

တူးမြောင်းပေါင်တစ်လျှောက် မောင်းနှင်လာသော မော်တော်ယာဉ်၏လမ်းဘေးဝဲယာမြင်ကွင်းတို့သည် ခရီးအဆုံး ကာဘိုးရေလွှဲဆည်ရောက်သည်အထိ အပြောင်းအလဲမရှိလှပါ။ လက်ဝဲဘက်တစ်ကြောတွင် တပြန့်တပြော အစိမ်းရောင် ဆည်ရေသောက်စပါးပင်လယ်၊ လက်ယာဘက်တွင်တော့ ဖြောင့်ဖြောင့်စင်းစင်းနှင့် ရေအလျဉ်တသွင်သွင်စီးနေသည့် ရွှေဘိုတူးမြောင်း။

လမ်းတစ်လျှောက်လက်တံမြောင်းခွဲများစွာကို ဖြတ်သန်းရင်း ကာဘိုးရေလွှဲဆည်သို့ရောက်ရှိလာခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯**

**ရွှေဘိုခရိုင်ကျွန်းလှမြို့နယ်မှ သဖန်းဆိပ် ရေလှောင်တမံ၏ ရေပြင်ဧရိယာမှာ ဧက ၁၀၆၂၀၀ ဖြစ်သည်။ ကျယ်ဝန်းလှသော ဆည်ရေပြင်၏ တစ်စိတ်တစ်ဒေသကို အကူရေပိုလွှဲဘက်ခြမ်းမှ ဤသို့ တွေ့မြင်ရသည်။**

ကြေးမုံ The Mirror
၅-၁၁-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

## မြို့ပြနှင့် ကျေးလက်တစ်ခွင် စည်ပင်ဖွံ့ဖြိုးရေး လက်တွဲညီညီ ဆက်လက်ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စီမံကိန်းချမှတ်ဖော်ဆောင်လျက်ရှိရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ပါဝင်သည်။ နိုင်ငံလူဦးရေအများစုမှာ ကျေးလက် ဒေသများတွင် နေထိုင်လျက်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဖြည့်ဆည်းပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများ ဆက်စပ်ဖွံ့ဖြိုးလာလျက်ရှိသည်။

အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေသည်။ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ကြိုးပမ်းမှုဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းမိုင်နှစ်ရာကျော်နှင့် ကျေးလက်လမ်းမိုင် နှစ်ထောင်ကျော်ကို အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခုအခါ မြို့ပြနှင့် ကျေးလက်လမ်း မိုင်သုံးသောင်းကျော်အထိ ရှိလာသဖြင့် မြို့ပြနှင့် ကျေးလက်ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူ အဆင်ပြေလျက်ရှိသည်။

ထို့အပြင် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ အပူပိုင်း ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ ကျေးရွာ ၈၀၃၇ရွာနှင့် အခြားသော ပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၁၂၇၉၃ ရွာတို့၌ သန့်ရှင်းသော သောက်သုံးရေရရှိနေကြပြီ ဖြစ်သည်။

အလားတူ ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေမည့် အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ယခုအခါဒေသအလိုက်အခြေခံပညာကျောင်းဆောင်သစ်များ၊ ကျေးရွာတွဲဖက် အခြေခံပညာအထက်တန်းကျောင်းများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက် ဆေးပေးခန်းများ တည်ဆောက်ထူထောင်ထားရှိသည်ကို တွေ့မြင်နေရသည်။

ယနေ့အချိန်အခါတွင်ခရိုင်ချင်းဆက်လမ်းများ၊မြို့ပြနှင့်ကျေးလက်ဆက်သွယ်သည့်လမ်းများ တိုးတက်ဖြစ်ပေါ်လာလျက်ရှိရာ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖြစ်ထွန်းနေသည်။ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏ ငွေအား၊ လူအား၊ စေတနာ စွမ်းအားဖြင့် လက်တွဲကြိုးပမ်းစွမ်းဆောင်ကြခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ဒေသတစ်ခွင် ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

## မန္တလေးတက္ကသိုလ် ဘူမိဗေဒမိသားစု အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မန္တလေးတက္ကသိုလ် ဘူမိဗေဒမိသားစု၏ (၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက်(တနင်္လာနေ့) နံနက်၈နာရီတွင် မန္တလေးတက္ကသိုလ် ဓမ္မာရုံ၌လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို Oriental House ၌လည်းကောင်း ကျင်းပမည်ဖြစ်ရာ ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့် (M.G.A) ဖုန်း-၀၉ ၂၀၀၃၂၃၈၊ဦးတော်မီသိန်း (M.G.A) ဖုန်း-၀၉-၂၀၀၁၅၉၈၊ ၀၂-၃၁၂၄၈ ၊ ဒေါက်တာသန်းသန်းနု (ပါမောက္ခ၊ ဌာနမှူး၊ မန္တလေးတက္ကသိုလ်) ဖုန်း-၀၂-၆၈၄၉၃၊ကိုသန်းထိုက်(ကောင်းမေတ္တာစတိုး) ဖုန်း-၀၂-၇၂၈၆၄၊၀၂-၃၃၀၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ကွန်ပျူတာ အခြေခံသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး**(ယာပုံ)** ဆုရရှိသူများအား ဆုချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

(ကြေးမုံ)




**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။






အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ "အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ"တွင် အမှာစကား ပြောကြားစဉ်။

(လူမှုဝန်ထမ်း)

## အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်းကျင်းပသည့် "အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" (International Humanitarian Response Workshop) ကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာအမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ဌာနေကိုယ်စားလှယ် Mr. Bharaja Panday က အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGOs များမှ ကိုယ်စားလှယ်များ၊ e-Centre မှ တာဝန်ရှိသူများ၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအောက်ရှိပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေသည့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် INGOs များမှသင်တန်းသားသင်တန်းသူ၃၆ဦး တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က နေအိမ်များဆောက်လုပ်ရန် ငွေလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် မေ ၂ရက် နှင့် ၃ ရက်တို့တွင် ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ ပြည်သူအများအပြားအသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးခဲ့ကြရသည်။

**အထူးအစီစဉ်**

နာဂစ်မုန်တိုင်းဒဏ် ကျရောက်ခဲ့ပြီး (၆)လပြည့်မြောက်ခဲ့သည့် အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်သော မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်သော သုံးပွင့်ဆိုင် ဗဟိုအဖွဲ့က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီး အနောက်ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ အိုးမဲ့အိမ်မဲ့ မိသားစုများအတွက် နိုင်ငံတော်က အထူးအစီအစဉ် တစ်ရပ်အနေဖြင့် တည်ဆောက်ပေးနေသော လူနေအိမ်များအနက် လူနေအိမ် ၄၅ လုံး တည်ဆောက်ပေးရန် ငွေကျပ်သိန်း၂၇၀ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက လက်ခံကြသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ Ms. Adelina Kamal နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



## ပေးအပ်လှူဒါန်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ နာဂစ်မုန်တိုင်းဒဏ် ကျရောက်ခဲ့ပြီး (၆)လပြည့်မြောက်ခဲ့သည့် အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်သော မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်သော သုံးပွင့်ဆိုင် ဗဟိုအဖွဲ့က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီး အနောက် ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ အိုးမဲ့အိမ်မဲ့ မိသားစုများ အတွက် နိုင်ငံတော်က အထူးအစီအစဉ်တစ်ရပ်အနေဖြင့်တည်ဆောက် ပေးနေသော လူနေအိမ်များအနက် လူနေအိမ် ၄၅ လုံး တည်ဆောက် ပေးရန် ငွေကျပ်သိန်း၂၇၀ကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

○ **ရွှေဖုံးမှ**

ကာဘိုးဆည်မှာ ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအနီးတွင် မူးမြစ်ကိုဖြတ်၍ ၂၀ရာစု ဦးပိုင်းကာလက တည်ဆောက်ခဲ့ခြင်းဖြစ်ရာ နှစ်၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။

ကာဘိုးရေလွှဲဆည် တာဝန်ခံ ဦးဝင်းမြင့်က ရှင်းလင်းပြောကြားရာတွင်“ကာဘိုးရေလွှဲဆည်၏ လက်ယာတူးမြောင်းမှာ ရေဦးတူးမြောင်းဖြစ်ပြီး လက်ဝဲတူးမြောင်းမှာ ရွှေဘိုတူးမြောင်းဖြစ်ကြောင်း၊ ကာဘိုးဆည်သည် ရေလွှဲဆည်ဖြစ်၍ မိုးသီးနှံအတွက်သာ ရေလုံလောက်စွာပေးနိုင်ပြီး နွေသီးနှံအတွက်ရေလုံလောက်မှုမရှိခဲ့ကြောင်း၊ ယခင်က မူးမြစ်ရေနည်းချိန်တွင် တူးမြောင်းနှစ်ဖက်သို့ ရေလှည့်စနစ်ဖြင့် ပေးဝေခဲ့ရကြောင်း၊ ဆည်ရေကို အမှီပြု၍ အဓိကစိုက်ပျိုးသည့် သီးနှံမှာ စပါးဖြစ်ပြီး ဝါ၊ နှမ်း၊ မြေပဲ၊ ဂျုံ၊ ကုလားပဲနှင့် အခြားသီးနှံများ စိုက်ပျိုးခဲ့ကြောင်း၊၂၀၀၇ ခုနှစ်တွင် ပြန်လည်စိစစ်ချက်အရ ရွှေဘိုတူးမြောင်းမှ ရေသောက်ဧရိယာ၂၂၃၂၉၃ ဧကနှင့် ရေဦးတူးမြောင်းမှ ရေသောက်ဧရိယာ ၁၁၅၇၄၉ ဧက စုစုပေါင်း ၃၃၉၀၄၂ ဧကဖြစ်ကြောင်း၊ ရွှေဘိုတူးမြောင်း ရေသောက်ဧရိယာတွင် ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ စစ်ကိုင်း မြို့နယ်များပါဝင်ပြီး ရေဦးတူးမြောင်း ရေသောက်ဧရိယာ၌ ရေဦး၊ ဒီပဲယင်းနှင့် အရာတော်မြို့နယ်များ ပါဝင်ကြောင်း။

သဖန်းဆိပ်ဆည်တည်ဆောက်ပြီးစီးခဲ့သည့်၂၀၀၁ ခုနှစ်မှစပြီး ယခုအချိန်အထိ ကာဘိုးရေလွှဲဆည်မှ နွေစပါးစိုက်လယ်မြေများသို့ ရေလုံလောက်စွာ ပေးဝေနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည်ကာဘိုးရေလွှဲဆည်၏ မူးမြစ်အား ဖြတ်သန်းတည်ဆောက်မှုနှင့် ရေထိန်းစနစ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး ကာဘိုးရေလွှဲဆည်ဆိုင်ရာ သိမှတ်ဖွယ်တို့ကို မှတ်သားခဲ့သည်။

ထိုမှတစ်ဆင့် ခရီးဆက်ခဲ့ပြန်သည်။ ဦးတည်ရာကား ကာဘိုးရေလွှဲဆည်၏ အထက်ဘက်ရှိ ကင်းတပ်ရေလွှဲတမံသို့ဖြစ်သည်။

ကင်းတပ် ရေလွှဲတမံသည် စစ်ကိုင်းတိုင်းရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်၌ပင်တည်ရှိပြီး ကာဘိုးရေလွှဲဆည်မှ အထက်ဘက် ၂၄ မိုင် အကွာရှိ ဝက်တိုးရွာအနီးတွင် မူးမြစ်ကိုပိတ်၍ တည်ဆောက်ထားသည်။

ကင်းတပ်ရေလွှဲတမံ ရှင်းလင်းဆောင်၌ ကြေးမုံသတင်းအဖွဲ့အား ဒုတိယဦးစီးမှူး ဦးမင်းမင်းဦးက ကင်းတပ်ရေလွှဲတမံနှင့် ပတ်သက်၍ “ကင်းတပ်ရေလွှဲတမံကို ကာဘိုးရေလွှဲဆည်၏အထက်ဘက် ၂၄မိုင် အကွာ ဝက်တိုးရွာအနီးတွင် တည်ဆောက်ထားကြောင်း၊ ဆည်တည်ဆောက်မှုကို ၁၉၉၄-၉၅ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၉၇ ခုနှစ် မတ်လ ၂၁ရက်တွင် စီမံကိန်းပြီးစီးခဲ့ကြောင်း၊ ကင်းတပ်ရေလွှဲတမံ၏ လက်ယာတူးမြောင်းတွင် တန့်ဆည်၊ ရေဦး၊ ဒီပဲယင်းနှင့် ဘုတလင်မြို့နယ်များမှ ဆည်ရေသောက်ဧရိယာများပါဝင်ပြီး လက်ဝဲတူးမြောင်းတွင် ကန့်ဘလူ၊ ခင်ဦးနှင့်ရွှေဘိုမြို့နယ်များမှ ရေသောက်ဧရိယာများ ပါဝင်ကြောင်း၊ ဆည်ရေသောက်ဧရိယာဧက ၁၅၀၀၀၀ ခန့်ရှိကြောင်းဖြင့် ပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည်ကင်းတပ်ရေလွှဲတမံမှ ကင်းတပ်လက်ဝဲတူးမြောင်းနှင့်လက်ယာတူးမြောင်းများမှရေပေးဝေနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ထိုမှဆက်လက်၍ ကင်းတပ်ရေလွှဲတမံမှ အထက်ဘက်ကိုးမိုင်ခန့်အကွာရှိ သဖန်းဆိပ်ဆည်သို့ ခရီးဆက်ခဲ့ကြသည်။ သဖန်းဆိပ်ရေလှောင်တမံ စီမံကိန်းကို ၁၉၉၆-၉၇ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့သည်။

သဖန်းဆိပ်ဆည်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရွာအနီး မူးမြစ်ပေါ်တွင် ရေလှောင်တမံ တည်ဆောက်၍ ဆည်ရေသိုလှောင်ပြီး တောင်ဘက်ကိုးမိုင်ခန့်အကွာရှိ တည်ဆောက်ပြီး ကင်းတပ်ရေလွှဲတမံသို့ မူးမြစ်ရိုးအတိုင်း ရေလွှတ်ပေးခြင်းဖြင့် ကင်းတပ်ရေလွှဲတမံ၏ လက်ယာမြောင်းနှင့် လက်ဝဲမြောင်းတို့၏ ရေသောက်ဧရိယာ ဧက ၁၅၀၀၀၀ ကို ရေပေးဝေရန်၊ ကင်းတပ်တမံအောက်ဘက်ရှိ ရှေးယခင်က တည်ရှိခဲ့သော ကာဘိုးရေလွှဲဆည်သို့လည်း မူးမြစ်ရိုးအတိုင်း ဆက်လက်ရေလွှတ်ပေးခြင်းဖြင့် ကာဘိုးဆည်၏ရွှေဘိုတူးမြောင်းနှင့်ရေဦးတူးမြောင်းတို့၏ ရေသောက်ဧရိယာဧက ၃၅၀၀၀၀ ကို ဆည်ရေပေးဝေနိုင်ရန်နှင့် ပျမ်းမျှတစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၁၇ဒသမ ၂သန်း ထုတ်လွှတ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့အား သဖန်းဆိပ်ဆည် ရှင်းလင်းခန်းမဆောင်၌ ရွှေဘိုခရိုင် ဆည်မြောင်းဦးစီးဌာန ထိန်းသိမ်းရေးမှ ဦးစီးအရာရှိ ဦးအေးဝင်းက သဖန်းဆိပ်ရေလှောင်တမံနှင့်ပတ်သက်၍ “သဖန်းဆိပ်ရေလှောင်တမံစီမံကိန်းကို ၁၉၉၆-၉၇ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့ကြောင်း၊၁၇-၄-၂၀၀၁ရက်တွင် တမံဖွင့်လှစ်ခဲ့ကြောင်း၊ ရေလှောင်တမံ၏ ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၃၄၆၀ ရှိပြီး ဝန်းသို၊ ကောလင်းနှင့် ပင်လယ်ဘူးမြို့နယ်များ ပါဝင်ကြောင်း၊ ရေပြင်ဧရိယာအကျယ် ဧက ၁၀၆၂၀၀ ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၃၅၃၄၀၀၀ ရှိကြောင်း၊ ဇုန်အမျိုးအစား မြေသားတမံဖြစ်ပြီး တမံအမြင့် ၁၀၈ပေနှင့် တမံအလျားမှာ ၂၂၅၈၇ ပေ ရှိကြောင်း၊ ကန်ရေပြည့် ရေသိုလှောင်ပမာဏမှာ ဧကပေ ၂၈၈၀၀၀၀ ရှိကြောင်း ဦးစွာရှင်းပြသည်။

၂၀၀၇-၂၀၀၈ ခုနှစ်တွင် သဖန်းဆိပ်ဆည်မှ မိုးစပါး ၄၉၇၃၇၃ ဧကနှင့် နွေစပါး ၃၃၃၄၆၉ ဧကတို့ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး လျှပ်စစ်



**သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံ၏ အတွင်းပိုင်းမြင်ကွင်းကို ဤသို့တွေ့မြင်ရသည်။**

ဓာတ်အားထုတ်လွှတ်မှုမှာ ကီလိုဝပ်နာရီ ၁၇၂ ဒသမ ၂၄ သန်း ဖြစ်ကြောင်း၊ ယခု ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၅၀၆၂၅၂နှင့် နွေစပါးစိုက်ဧက ၃၃၈၃၉၅ တို့အား စိုက်ပျိုးရေပေးဝေရန် လျာထားကြောင်း၊ ယခုအောက်တိုဘာ ၂၄ရက်အထိ ဝင်ရေပမာဏမှာ ၅၀၈၀၄၄၅ ဧကပေရှိပြီး စိုက်ပျိုးရေအသုံးချမှုမှာ ၅၀၆၁၈၀၆ ဧကပေ ဖြစ်ကာ ရေလက်ကျန် ဧကပေ ၂၈၂၅၁၈၀ ရှိကြောင်း၊ ကန်ရေပြည့်အမှတ် (Full Tank Level (FTL))မှာ ၅၄၅ဖြစ်ပြီး ယခု အောက်တိုဘာ ၂၄ ရက်တွင် ရေမှတ် ၅၄၄ဒသမ၇၅ ရှိ၍ ယခုနှစ် နွေစပါးစိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ ပေးဝေနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် သဖန်းဆိပ် ရေလှောင်တမံ၏ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုကိုလည်း ဝင်ရောက်လေ့လာခဲ့သည်။

ရှေးဦးစွာ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးညီညီထွန်းက “သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၉၈ခုနှစ်တွင် စတင်အကောင်အထည် ဖော်ခဲ့ကြောင်း စက်ရုံ၊ ရေသွယ်အဆောက်အအုံ၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း၊ တာဘိုင်ဓာတ်အားထုတ်စက်၊ စက်ရုံအဆောက်အအုံ၊ ဓာတ်အားလိုင်းများ စသည့်စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၀၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် စက်စမ်းသပ်မောင်းနှင်နိုင်ခဲ့ကြောင်း၊ ဒေသသုံးအနေဖြင့် ကျွန်းလှ၊ ကန့်ဘလူနှင့် ရွှေဘိုမြို့နယ်များသို့ (11 KV,33 KV)လိုင်းများဖြင့်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကန့်ဘလူမြို့နယ်ငှက်ပျောတိုင်း ဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်သို့ (132 KV)ဖြင့် ဓာတ်အား ထည့်ဝင် ပေးပို့လျက်ရှိကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ၁၈၁သန်း ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွက် ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရန် လျာထားချက်မှာ ကီလိုဝပ်နာရီသန်း၁၂၀ ဖြစ်ကြောင်း၊ ဓာတ်အားထုတ်စက်များအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် စိုက်ပျိုးရေ တောင်းခံမှုအပေါ် မူတည်၍ ဓာတ်အား ထုတ်လွှတ်ပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် ရှည်လျားလှသော တမံပေါ်သို့ တက်လှမ်းကာ ကျယ်ပြောလှသည့် သဖန်းဆိပ်ရေလှောင်တမံရေပြင်ကို တမေ့တမောကြည့်မိပါသည်။ ပင်လယ်ငယ်တမျှ ကျယ်ပြောသည့် သဖန်းဆိပ်ရေလှောင်တမံသည် ရွှေဘိုခရိုင် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု၏ တိုးတက်ဖြစ်ထွန်းမှုတွင် အဘယ်မျှအရေးပါသည်ကို ပိုမိုသိရှိလာခဲ့သည်။

စစ်ကိုင်းတိုင်းကို မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဟု တင်စားကြပြီး ရွှေဘိုခရိုင်ကိုမူ စစ်ကိုင်းတိုင်း၏ စပါးကျီဟု တင်စားခေါ်ဆိုကြသည်။ ရွှေဘိုခရိုင်၏ နွေနှင့်မိုးစပါးစိုက်ပျိုးရေးအတွက် သဖန်းဆိပ်ရေလှောင်တမံသည် အဓိက ရေအရင်းအမြစ်ဖြစ်သည်။

တစ်နည်းဆိုရသော် မြန်မာနိုင်ငံ၏ဒုတိယစပါးကျီစစ်ကိုင်းတိုင်းအတွက် အားကောင်းမောင်းသန် သဖန်းဆိပ် တမံပင်တည်း။ ။

**သဖန်းဆိပ်ရေလှောင်တမံ၏ ပင်မရေပိုလွှဲ အတွင်းနှင့်အပြင်မြင်ကွင်းနှစ်ရပ်ကို ဤသို့တွေ့ မြင်ရသည်။**





# အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

အားကစားဝန်ကြီးဌာနအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့စီစဉ်မှုဖြင့် အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် သက်ဆိုင်ရာပြိုင်ဝင်းများ၌ နိုဝင်ဘာ ၁၄ရက်မှ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

နိုဝင်ဘာ၁၄ရက်နှင့် ၁၅ရက်တို့တွင် ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း၌ လည်းကောင်း၊ နိုဝင်ဘာ၁၆ရက်တွင် ရေကူးပြိုင်ပွဲကို အမျိုးသားရေကူးကန်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ရုံး၌ လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း၌ လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် ကြက်တောင်ရိုက်ပြိုင်ပွဲကိုအမျိုးသား ကြက်တောင်ရုံ (ကျုံးကြီး)၌ လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကို တပ်မတော် ဂေါက်ကွင်း၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဉာဏ်ရည်မမီ အားကစားပြိုင်ပွဲကို နိုဝင်ဘာ၁၇ရက်နှင့် ၁၈ရက်တို့တွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရန် စီစဉ်ထားကြောင်း သိရှိရသည်။

ပြိုင်ပွဲအသီးသီးအတွက် ပြိုင်ပွဲဝင်အမည်စာရင်းများကို နိုဝင်ဘာ၇ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် အောင်ဆန်းကွင်း ဖုန်း-၀၁-၃၈၂၄၅၅သို့လာရောက်စာရင်းပေးသွင်းကြရမည်ဖြစ်ပြီး နိုဝင်ဘာ ၈ရက် မွန်းလွဲ၁နာရီတွင် နည်းပြ/အုပ်ချုပ်သူများအစည်းအဝေးကြိုတင်ကျင်းပမည်ဖြစ်ကြောင်း၊ဖိတ်စာများကို ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းများသို့ပေးပို့ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆီးရီးယားအရပ်သားများကို ကန်တိုက်ခိုက်မှု ဥရောပပါလီမန်က လက်မခံနိုင်ကြောင်း ပြစ်တင်ပြောကြား

**ဒမတ်စကတ် နိုဝင်ဘာ ၄**

ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဥရောပပါလီမန်မှ တာဝန်ရှိသူတစ်ဦးက အပြစ်မဲ့အရပ်သားများကို ပစ်မှတ်ထား၍ မည်သည့် တိုက်ခိုက်ခြင်းမျိုးကိုမှ လက်မခံနိုင်ကြောင်း၊ မည်သည့် အကြောင်းပြချက်နှင့်မျှ တရားမျှတခြင်းမရှိကြောင်း၊ လက်ခံနိုင်ဖွယ်ရာကိစ္စရပ် မဟုတ်ကြောင်း တနင်္ဂနွေနေ့က ပြစ်တင်ပြောကြားသည်။

ဥရောပပါလီမန်နိုင်ငံခြား ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗရိုနီကွေးဒီကေဆာကဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ထိုကဲ့သို့ ပြောကြားခဲ့သည်ဟု ဆာနာသတင်းဌာနက ဖော်ပြသည်။

အီရတ်နယ်စပ်အနီး အဘူကာမဲလ်ရှိ အယ်ဆူကာရီယပ်ကျေးရွာအား အမေရိကန် ရဟတ်ယာဉ်များက နယ်စပ်ဖြတ်ကျော်တိုက်ခိုက်၍ ဆီးရီးယားအရပ်သား ရှစ်ဦး သေဆုံးပြီးနောက် ရက်အနည်းငယ်အကြာတွင် ၎င်း၏မှတ်ချက် စကားထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်အစိုးရနှင့် အိမ်ဖြူတော်တို့က ထိုတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အတည်ပြုပြောဆိုခြင်းလည်းမပြုငြင်းဆိုခြင်းလည်း မပြုပေ။ ထို့အပြင် သဘောထား မှတ်ချက်ပေးရန်လည်း ငြင်းဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




# အာဖဂန်နစ္စတန်တောင်ပိုင်းတွင် မောင်းသူမဲ့အမေရိကန်လေယာဉ်ပျက်ကျ

**ကဘူး နိုဝင်ဘာ ၄**

အာဖဂန်နစ္စတန်၌ အခြေစိုက်ထားသော အမေရိကန်လေတပ်မှ မောင်းသူမဲ့ လေယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန် တောင်ပိုင်းတွင် နိုဝင်ဘာ ၂ ရက်က ပျက်ကျခဲ့သည်။ ထိုဒေသတွင် တာလီဘန်တို့၏ သောင်းကျန်းမှုများ မြင့်မားလာသည်ဟုအမေရိကန် စစ်ဘက်ဆိုင်ရာ ဖော်ပြချက်အရ သိရသည်။

အဝေးကထိန်းချုပ်ထား၍ အနိမ့်သာပျံနိုင်ပြီး အချိန်ကြာရှည်စွာမောင်းနိုင်သော အမ်ကျူ-၁ ပရီဒေတာ လေယာဉ်သည် နိုဝင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ပျက်ကျခဲ့ပြီး၊ ထိုလေယာဉ်မှာ ကောင်းကင်မှ ထောက်လှမ်းမှုများ လုပ်ဆောင်နေသော လေယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ် ပျက်ကျခြင်းနှင့်ပတ်သက်ပြီး အမေရိကန်စစ်ဘက်ဆိုင်ရာက သတင်းအချက်အလက်များကို ထပ်မံရရှိခြင်း မရှိသော်လည်း စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

မောင်းသူမဲ့ လေယာဉ်များကို အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကသာ အသုံးပြုပြီး အများအားဖြင့် ပါကစ္စတန် နယ်စပ်ရှိ စစ်သွေးကြွများ ခိုအောင်းနေသည်ဟု သံသယရှိသည့်နေရာများကို ဗုံးကြဲတိုက်ခိုက်မှုတွင် အသုံးပြုကြောင်း သိရသည်။

တာလီဘန် စစ်သွေးကြွတို့နှင့် တိုက်ခိုက်မှုများ တိုးပွားလာပြီး စစ်ဒဏ်ကြောင့် ပျက်စီးနေသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၃၀၀၀ ခန့် ဖြန့်ထားကြောင်း သတင်း၌ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဂါဇာကမ်းမြောင်ဒေသသို့ တင်ပို့သည့် အဝတ်အထည်များနှင့်ဖိနပ်များ အစ္စရေးတို့ပိတ်ပင်

**ဂါဇာ နိုဝင်ဘာ ၄**

အီဂျစ်တို့က အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ကြားဝင်စေ့စပ်ပေးပြီးနောက် ဂါဇာကမ်းမြောင်ဒေသသို့ တင်ပို့သော ကုန်ပစ္စည်းများ စာရင်းမှ အဝတ်အထည်နှင့်ဖိနပ်များ စာရင်းကို အစ္စရေးတို့က ပယ်ဖျက်ခဲ့ကြောင်း ပါလက်စတိုင်းအရာရှိတစ်ဦးက အောက်တိုဘာ ၂၉ရက်တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်သို့ တင်ပို့သော အဝတ်အထည်နှင့် ဖိနပ်များသည် စစ်ဘက်ဆိုင်ရာဝတ်စုံများ ထုတ်လုပ်ရာတွင် အသုံးပြုသည့်အတွက် အစ္စရေးတို့သည် ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိုကုန်ပစ္စည်းများ တင်ပို့မှုကို ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း စက်မှုလုပ်ငန်းဆိုင်ရာအဖွဲ့ခေါင်းဆောင် အလီအယ်ဟာရက်စ်က ပြောကြားသည်။

ယခုကဲ့သို့အဝတ်အထည်များနှင့် ဖိနပ်များတင်ပို့မှုကို တားမြစ်ပိတ်ပင်လိုက်ခြင်းသည် ဆောင်းရာသီ၌အနွေးထည်များ ပြတ်လပ်ပြီး အဝတ်အထည် မလုံလောက်ခြင်းများ ပိုမိုဆိုးရွားစေရန်ဖြစ်ကြောင်း အယ်ဟာရက်စ်က ထပ်မံပြောကြားသည်။ ဟားမတ်တို့သည် ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်တွင် ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့က ဝန်းရံထားခဲ့သည်။ ပြီးခဲ့သောနှစ်က ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်တို့ ဆူပူအုံကြွလာကာမငြိမ်မသက်မှုများဖြစ်ပေါ်သည့်အတွက်လုံခြုံရေးကိုပိုမိုတင်းကျပ်လာခြင်းဖြစ်သည်ဟုသတင်း၌ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဘာကူးဘားဒေသတွင် ကားဗုံးပေါက်ကွဲရာနေရာမှ မီးခိုးလုံးများ တက်လာသည်ကို နိုဝင်ဘာ ၃ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကဘူးရဲတပ်ဖွဲ့ ပြန်ပေးဂိုဏ်းအား ဖမ်းဆီးရမိ

**ကဘူး နိုဝင်ဘာ ၄**

အာဖဂန်နစ္စတန် မြို့တော်ကဘူးတွင် ရဲတပ်ဖွဲ့သည် ပြန်ပေးဂိုဏ်းတစ်ဂိုဏ်းကို တနင်္ဂနွေနေ့က ဖမ်းဆီးလိုက်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇာမာရေဘာရှာရီက ပြောကြားသည်။

ကံကောင်းထောက်မစွာဖြင့် ကဘူးမြို့မှရဲတပ်ဖွဲ့သည် အဖွဲ့ဝင်ခြောက်ဦးပါသော ပြန်ပေးဂိုဏ်း တစ်ခုကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ရန်ငြိုးထားပြီး ကလေးတစ်ဦးအား ပြန်ပေးဆွဲရန် အစီအစဉ်တစ်ခုကိုလည်း ဖြိုခွင်းနိုင်ခဲ့ကြောင်း အာရှာရီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အတွင်း ကဘူးမြို့၌ ပြန်ပေးသမားများကို ဖမ်းဆီးနိုင်ခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်ရှိသွားပြီဖြစ်ပြီး ပြန်ပေးဆွဲခံရသူများကိုလည်း အန္တရာယ်ကင်းရှင်းစွာနှင့် ပြန်လွတ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထဲရေး ဝန်ကြီးဌာနသည် ပြည်သူတို့၏ ပစ္စည်းဥစ္စာနှင့် အသက်ကို စောင့်ရှောက်ရန် မဟာဗျူဟာ အသစ်တစ်ခုကို မကြာမီ ရေးဆွဲတော့မည်ဖြစ်ကြောင်း ဘာရှာရီက ဖွင့်ပြောခဲ့သည်။

ကဘူးနှင့် အခြားမြို့ကြီးများတွင် လွန်ခဲ့သော လများစွာအတွင်းပြန်ပေးဆွဲ၍ ငွေတောင်းခြင်း အပါအဝင် ရာဇဝတ်ပြစ်မှုများ တိုးပွားလာသည်ကို တွေ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘင်္ဂလားဒေ့ရှ်တွင် အဆိပ်သင့်သော အရက်သောက်မိ၍ ၂၁ ဦး သေဆုံး

**ဒါကာ နိုဝင်ဘာ ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း ဘိုဂရာနှင့် ဂိုင်ပါချတ်ခရိုင် အနီးအပြားတွင် လွန်ခဲ့သော နှစ်ရက်က အဆိပ်သင့်သော အရက်များ သောက်သုံးမိသဖြင့် လူ ၂၁ ဦး သေဆုံးကြောင်း ဒေးလီးစတားသတင်းစာက ဖော်ပြသည်။

အောက်တိုဘာ ၃၀ ရက် ညက မူးယစ်ဆေးဝါးရောင်းဝယ်သူများထံမှ ကိုယ်တိုင်ချက်သော အရက်များကို သောက်သုံးကြပြီးနောက် ဂိုင်ပါချတ်ခရိုင်တွင် လေးဦးနှင့် ဘိုဂရာတွင် ၁၇ ဦး သေဆုံးခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့သည် အရက်ဆိုင် လေးဆိုင်ကို ပိတ်ပစ်ပြီး ခရိုင်နှစ်ခုအတွင်းမှ လူကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း သတင်းစာက ရေးသားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ဗုံးပေါက်ကွဲ**

**အီရတ်နိုင်ငံ ဒီယားလားပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသွားသော နေရာကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပြင်သစ်အကူအညီပေးရေးအလုပ်သမား ကဘူးတွင် ပြန်ပေးဆွဲခံရ

**ကဘူး နိုဝင်ဘာ ၄**

အာဖဂန်နစ္စတန် ကဘူးမြို့တော်တွင် တနင်္လာနေ့က အကူအညီပေးရေး ပြင်သစ်အလုပ်သမားတစ်ဦးကို လက်နက်ကိုင်များက ပြန်ပေးဆွဲသွားကြောင်း၊ဝင်ရောက်တားဆီးသော ထောက်လှမ်းရေးအဖွဲ့မှ ဝန်ထမ်းတစ်ဦးကို သတ်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကဘူးမြို့တွင် အနောက်နိုင်ငံသားများအား အဆက်မပြတ် တိုက်ခိုက်လျက်ရှိရာ ယခုဖြစ်စဉ်သည် နောက်ဆုံး ဖြစ်သည်။

ဗင်ကားငယ်တစ်စီးတွင် စီးနင်းလိုက်ပါလာသော ပြင်သစ်နိုင်ငံသားနှစ်ဦးကို ကိုရိုလာကားတစ်စီးပေါ်မှ လူသုံးဦးက ပြန်ပေးဆွဲရန် ကြိုးစားခဲ့ကြရာ ရုန်းရင်းဆန်ခတ်ဖြစ်ပြီးနောက် ပြင်သစ်လူမျိုးတစ်ဦးကို ဖမ်းဆီးရမိသွားကြသည်ဟု ရဲတပ်ဖွဲ့အရာရှိ မိုဟာမက်ဒေါက်အာမင်က ပြောကြားသည်။

ယင်းကဲ့သို့ ပြန်ပေးဆွဲရန် ကြိုးစားနေစဉ် ရပ်ကွက်ဒေသခံတစ်ဦးက ဟန့်တားသည့်အတွက် ၎င်းအား ပြန်ပေးသမားတစ်ဦးက ပစ်သတ်သွားသည်ဟု၎င်းရဲအရာရှိကအေပီသတင်းဌာနသို့ ပြောကြားသည်။

အသတ်ခံရသောဒေသခံမှာပန်ဂျေရှာပြည်နယ် ထောက်လှမ်းရေး အကြီးအကဲ၏ ယာဉ်မောင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုပြောဆိုသည်။ ***အင်တာနက်။***

# ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံးကွဲ ခြောက်ဦးသေ

**ဘဂ္ဂဒက် နိုဝင်ဘာ ၄**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် တနင်္လာနေ့က ဗုံးနှစ်လုံးပေါက်ကွဲရာ ခြောက်ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။

ဗုံးကွဲမှုဖြစ်စဉ်တစ်ခုတွင် ဒုတိယရေနံဝန်ကြီး ဆာဟစ်ဆော်လ်မန်ကူ အနည်းငယ် ဒဏ်ရာရရှိသွားသည်။ ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးလည်း ပါဝင်သည်။ ဗုံးတစ်လုံးမှာ လူစည်ကားသော ကာရာဒါခရိုင်တွင် ပေါက်ကွဲခဲ့ပြီး ဈေးဆိုင်အများ အပြားပျက်စီးသွားသည်။ အခြားဗုံးတစ်လုံးမှာ အမှိုက်ပုံးထဲတွင် ဖွက်ထားခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***



**အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း တောင်တန်းဒေသများတွင် လှုပ်ရှားနေသော လက်နက်ကိုင် စစ်သွေးကြွတစ်စုကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



အမေရိကန်ဒုံးကျည်ဟု ယူဆရသော ဒုံးဖြင့် ပစ်ခတ်မှု ခံရခြင်းကြောင့် ပျက်စီးသွားရသော ပါကစ္စတန်နယ်စပ်ဒေသရှိ အဆောက်အအုံ တစ်ခုကို အောက်တိုဘာ ၃၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဘိုလီးဗီးယားသမ္မတက ဒီအီးအေလုပ်ငန်းများ ရပ်ဆိုင်းရန် ပြောကြား

**လီမာ နိုဝင်ဘာ ၄**

ဘိုလီးဗီးယားသမ္မတ အီဗိုမိုရေးစ်က အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့အား နိုင်ငံအတွင်းတွင် နိုင်ငံရေး မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေသည်ဟု စွပ်စွဲပြောကြားလိုက်ပြီး ၎င်းအဖွဲ့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို နောက်ထပ်ပြောကြားခြင်း မပြုမီအထိ ရပ်ဆိုင်းလိုက်ကြောင်း လာပက်မှလာသော သတင်းများတွင် ဖော်ပြထားသည်။ ယခုနှစ်အတွင်း ဘိုလီးဗီးယားနိုင်ငံ၌ ကိုကာစိုက်ခင်းဟက်တာ ၅၀၀၀ အား ဖျက်ဆီးမည့် လူထုအစည်းအဝေးတွင် မိုရေးစ်က မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ အောက်တိုဘာ ၂ ရက်မှစ၍ အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအုပ်ချုပ်မှုအဖွဲ့ (ဒီအီးအေ)၏ လှုပ်ရှားမှုများအား ကာလအကန့်အသတ်မရှိ ရပ်ဆိုင်း လိုက်သည်ဟု ၎င်းက ကြေညာသည်။

ဘိုလီးဗီးယား ပြည်သူလူထု၏ ဂုဏ်သိက္ခာနှင့် အချုပ်အခြာပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ရမည်ဟု သမ္မတက ဆက်လက်ပြောဆိုသည်။

ဒီအီးအေကိုယ်စားလှယ်များသည် သမ္မတနှင့်တကွ အစိုးရအရာရှိများအားလုပ်ကြံကြမည့်သူများကို ဘဏ္ဍာရေး အထောက်အပံ့ပေးသည်ဟုလည်းကောင်း၊ နိုင်ငံရေးသူလျှိုလုပ်ကြသည်ဟုလည်းကောင်း မိုရေးစ်က ပြောကြားသည်။ မကြာမီက စန်တာခရူ၊ ပန်တို၊ ဘီနီနှင့် တာရီဂျာပြည်နယ်များအတွင်း ဆူပူသူလူအုပ်ကြီးများက လေဆိပ်များကို ထိန်းသိမ်းထားခြင်းသည် ဒီအီးအေက စီစဉ်၍ ငွေကြေးထောက်ပံ့ခဲ့သည်ဟုမိုရေးစ်ကစွပ်စွဲသည်။ စက်တင်ဘာ ၁၀ရက်တွင် အမေရိကန်သံအမတ်အား မိုရေးစ်က နှင်ထုတ်ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးမှာ တင်းမာလာလျက်ရှိသည်။ နောက်နေ့တွင် အမေရိကန် အစိုးရက လက်တုံ့ပြန်သောအားဖြင့် ဘိုလီးဗီးယား သံအမတ်ကိုလည်း နှင်ထုတ်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ပါကစ္စတန်တွင် ကားဗုံးခွဲ တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၄**

အာဖဂန်နယ်စပ်အနီးရှိ မတည်မငြိမ်ဖြစ်လျက်ရှိသော ဒေသတွင် လက်နက်ကိုင်တပ်ဖွဲ့အား အသေခံဖောက်ခွဲရေးသမားတစ်ဦးက ကားဖြင့်အတင်းဝင်ရောက်ကာ ဗုံးခွဲတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်ရှစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ပါကစ္စတန်အစိုးရအဖွဲ့ အကြီးအကဲတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် နိုဝင်ဘာ ၂ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အယ်လ်ခိုင်ဒါနှင့် တာလီဘန် လိုလားသူ စစ်သွေးကြွများ၏ လက်ချက်ဟု ယူဆရသည်။

ယင်းအသေခံ ကားဗုံးဖောက်ခွဲရေးသမားသည် ဝါဇီရစ္စတန်တောင်ပိုင်းရှိ ဇာလီအစောင့်တပ်ဖွဲ့ တာဝန်ကျရာ အဓိကဝင်ပေါက်တစ်ခုအနီးရှိနယ်စပ်စစ်ဆေးရေးဂိတ် တစ်ခုအတွင်းသို့ အရှိန်ဖြင့် ဝင်ရောက်ကာ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

***အင်တာနက်။***

# တရုတ်နိုင်ငံတွင် အွန်လိုင်းဂိမ်းကစားသူ သန်း ၄၀ရှိ တစ်ဦးလျှင် နှစ်စဉ်ဂိမ်းအတွက် ပျမ်းမျှ ယွမ် ၄၀၀ သုံးစွဲ

**ပေကျင်း နိုဝင်ဘာ ၄**

တရုတ်နိုင်ငံတွင် အွန်လိုင်းဂိမ်းကစားသူဦးရေသည် သန်း ၄၀ ရှိသည်။ ၂၀၀၈ ခုနှစ်အတွင်း ဂိမ်းကစားသူတစ်ဦး၏ ပျမ်းမျှသုံးစွဲငွေသည် ယွမ်ငွေ ၄၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၈ဒေါ်လာရှိကြောင်း သတင်းက ဖော်ပြသည်။

တရုတ်နိုင်ငံတွင် အွန်လိုင်းဂိမ်းကစားသူဦးရေသည် တိုးပွားလာလျက်ရှိပြီး ဂိမ်းအတွက် သုံးစွဲငွေမှာလည်း များပြားလာစရာရှိကြောင်း ပေကျင်း အိုင်တီနည်းပညာဌာနမှ အကြီးအကဲ ကျို့မင်ကွင်းက အပြည်ပြည်ဆိုင်ရာ အွန်လိုင်းဂိမ်း ဆွေးနွေးပွဲတွင် ပြောကြားသည်။

ထိုအခြေအနေကြောင့် တရုတ်နိုင်ငံ၏ အွန်လိုင်းဂိမ်းဈေးကွက်မှာ ကျယ်ပြန့်လာလျက်ရှိပြီး အခြေအနေကောင်းမွန်နေသည်ကို တွေ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငါးနှစ်လျှင် တစ်ကြိမ် ကျင်းပလေ့ရှိသော အပြည်ပြည်ဆိုင်ရာ အွန်လိုင်းဂိမ်းဆွေးနွေးပွဲမှ တရုတ်အိုင်တီနည်းပညာသမားများနှင့် ဂိမ်းရေးသားသူများအနေဖြင့် ပြည်ပကျွမ်းကျင်သူများထံမှ အတုယူစရာ အများအပြားရှိသည်ဟု ကျို့က ပြောကြားသွားသည်။

***အင်တာနက်။***

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုဒေသတွင် လုံခြုံရေးဆောင်ရွက်နေသော ဖိလစ်ပိုင်တပ်ဖွဲ့များကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)





# တရုတ်တောင်ပိုင်း၌ လူ ၇၀၀၀၀၀ ခန့် ရေဘေးဒဏ်ခံရ

**နန်နင်း နိုဝင်ဘာ ၄**

တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင် သောကြာနေ့ကတည်းက မိုးအဆက်မပြတ် ရွာ၍ ရေကြီးခြင်းကြောင့် လူတစ်ဦးသေဆုံးပြီး ကိုးဦး ပျောက်ဆုံးနေသည်။ အဆိုပါဒေသမှ ပြည်သူ၇၀၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ **(အပေါ်ပုံ)**

ဖန်ချန်ကန်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေ့စဉ်မိုးရေချိန်မှာ ၃၆၂ ဒသမ ၃ မီလီမီတာသို့ ရောက်ရှိခဲ့ကြောင်း၊ စီရင်စုဒေသ ၁၂ ခုရှိ ပြည်သူ ၇၀၀၀၀၀ နီးပါးရေဘေးနှင့် ကြုံတွေ့နေရကြောင်း ဒေသဆိုင်ရာ မြို့ပြရေးရာဌာန တာဝန်ရှိသူက ပြောကြားသည်။ ရေကြီးမှုကြောင့် အိမ်ခြေ ၆၉၈ လုံး ပျက်စီးပြီး ကောက်ပဲသီးနှံမြေဟက်တာ ၄၈၂၇၁ ထက်မနည်း ရေလွှမ်းခံရသည်။ ***အင်တာနက်။***

# နီပေါ ရေဘေးဒုက္ခသည် ၆၀ ကျော် နာမကျန်းဖြစ်ပွား၊ သုံးဦးသေဆုံး

**ခတ္တမန္ဒူ နိုဝင်ဘာ ၄**

နီပေါနိုင်ငံ အရှေ့တောင်ပိုင်းရှိ ရေဘေးဒုက္ခသည်စခန်းတွင် လူ ၆၀ ကျော် နာမကျန်းဖြစ်ပွားလျက်ရှိသည့်အပြင် သုံးဦး သေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆန်ဆရီဒေသတွင် ရေလွှမ်းမိုးခံရသဖြင့် ဆပ်တာရီဒေသရှိ ဘာဒါဟာ ရေဘေးဒုက္ခသည်စခန်းသို့ ရောက်ရှိလာသော လေးနှစ်အရွယ် ကလေးငယ်တစ်ဦးမှာ နမိုးနီးယားရောဂါကြောင့် သေဆုံးခဲ့ရသည်ဟု သိရသည်။ ယင်းရေဘေးဒုက္ခသည် စခန်းမှ အခြားနှစ်ဦးလည်း နိုဝင်ဘာ၁ရက်က ဝမ်းရောဂါဖြစ်ပွားကာ သေဆုံးခဲ့ရသည့်အပြင် အိုသရာဟာရေဘေးဒုက္ခသည်စခန်းရှိ လူ ၆၀ ကျော်တွင်လည်း အမည်မသိသော ရောဂါပိုးတစ်မျိုး ကူးစက်ခံရကာ နာမကျန်းဖြစ်နေကြရသည်ဟု ဆိုသည်။

လူနာများအနက် ၄၃ ဦးကို ဒေသဆိုင်ရာ ဆေးရုံများတွင် ကုသထားရသည်ဟု သိရသည်။ အဆိုပါ ရောဂါဖြစ်ပွားလျက်ရှိရာ နေရာများသို့ ကျန်းမာရေးအဖွဲ့များ စေလွှတ်ထားပြီးဖြစ်ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအဖွဲ့ အကြီးအကဲ ချန်ဒရာဒက်ဗ်မာတာက ပြောကြားသည်။ နီပေါနိုင်ငံ ဆန်ဆရီဒေသနှင့်ဆပ်တာရီဒေသတို့တွင် ဩဂုတ် ၁၈ ရက်က ရေကာတာကျိုးပေါက်ကာ ကျေးရွာ ၁၀ ရွာခန့် ရေလွှမ်းမိုးခံခဲ့ရပြီး ပြည်သူ ၅၀၀၀ ကျော်တို့ အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ***အင်တာနက်။***

## ဝယ်လင်တန်၌ လေပြင်းများ တိုက်ခတ်

**ဝယ်လင်တန် နိုဝင်ဘာ ၄**

နယူးဇီလန်နိုင်ငံမြို့တော် ဝယ်လင်တန်တွင် အောက်တိုဘာ ၂၅ ရက်က တစ်နာရီ ကီလိုမီတာ ၁၅၀ နှုန်းဖြင့် လေပြင်းများ တိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းခဲ့ရပြီး လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ရသည်။ စနေနေ့ နံနက်ပိုင်းက နိုင်ငံ၏အရှေ့ဘက်အော့တာဂိုဒေသမှ ဝီရာရာပါဒေသသို့ လေပြင်းများ တိုက်ခတ်ခဲ့ပြီး ဝယ်လင်တန်မြို့မှာ အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဂွန်ဆန်ဗေလီဒေသတွင် အိမ်ခေါင်မိုးများ ပျက်စီးခဲ့ပြီး ဝီညူအိုမာတာ တောင်ကုန်းသို့ ဖြတ်ရန် ကြိုးစားသည့် မော်တော်ယာဉ်နှစ်စီးမှာ လေတိုက်မှုကြောင့် လွင့်ပါသွားသည်။ ဝယ်လင်တန်မြို့ လေဆိပ်တွင် ခရီးစဉ်များနောက်ကျခဲ့ပြီး အများအပြား ဖျက်သိမ်းခဲ့ရသည်။

***အင်တာနက်။***

## အင်တာနက် သဘာဝဘေးအန္တရာယ်သတင်းများ

# ဗီယက်နမ်၌ ရေကြီး၍ ၄၇ဦး သေကျေ၊ ပျောက်ဆုံး

**ဟန္နွိုင်း နိုဝင်ဘာ ၄**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့်အနောက်ပိုင်းဒေသများ၌ သုံးရက်ကြာ မိုး အဆက်မပြတ်ရွာသွန်းကာ ရေကြီးမှုကြောင့် လူ ၄၇ ဦး သေဆုံး သို့မဟုတ် ပျောက်ဆုံးနေကြောင်း ဗီယက်နမ်သတင်းဌာနက တနင်္ဂနွေနေ့တွင်ပြောကြားသည်။ ၎င်းတို့အားလုံး သေဆုံးပြီဟု ယူဆရကြောင်း သတင်းတွင် ဖော်ပြသည်။

ရေကြီးမှုကြောင့် ဟန္နွိုင်းမြို့တွင် ၁၇ ဦး ပျောက်ဆုံးနေပြီး ၎င်းတို့ ၁၇ ဦးစလုံး သေဆုံးပြီဟု ယူဆရသည်။ အိမ်ခြေ ၁၃၀၀၀ ခန့်နှင့် ကျောင်း ၁၀၀ နီးပါးတို့ ရေလွှမ်းခဲ့ပြီး မိသားစု ၁၅၀၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထို့ပြင် ကောက်ပဲသီးနှံ ဟက်တာ ၅၀၀၀၀ ကျော် ရေလွှမ်းခံရကြောင်း ယင်းသတင်းဌာနက ပြောကြားသည်။ **(အောက်ပုံ)**

***အင်တာနက်။***



# ဆေးလိပ်၏ ဆိုးကျိုး

**ရဲဘော်တင်ရွှေ**

ဤဆောင်းပါးသည် ဆေးပညာရှုထောင့်မှ အခြေခံပြီး ရေးသားသည့် ဆောင်းပါးမဟုတ်ပါ။

စာရေးသူသည် ဆေးလိပ်၏ ဆိုးကျိုးကို ကိုယ်တွေ့ ခံစားရသောကြောင့် ဘဝပေးအသိအရ ရေးသားနိုင်နေသည်ဖြစ်ပါသဖြင့် ဆေးလိပ်ကို စွဲစွဲလမ်းလမ်း သောက်သူများရော၊ ဆေးလိပ်လုံးဝ မသောက်တတ်ဘဲ ဆေးလိပ်သမားနှင့် အနီးကပ်နေမိကာ ဆေးလိပ်သောက်သူထံမှ အငွေ့ကို ရှူရှိုက်မိနေရသူများအတွက်ပါ 'ဆေးလိပ်၏ ဆိုးကျိုး' ကို သိစိမ့်သောငှာ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

နိုင်ငံတော်က ဆေးလိပ်နှင့်စပ်လျဉ်း၍ ဥပဒေ တစ်ရပ်ပြဋ္ဌာန်းကာ ထုတ်ပြန်လိုက်သဖြင့် စာရေးသူသည် ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုထောက်ခံမိပါသည်။

ထိုသို့ ဥပဒေပြဋ္ဌာန်းကာ တားမြစ်ထားသော်လည်း ပြည်သူတို့၏ အလေးအနက်ထားရှိမှု၊ လိုက်နာကျင့်သုံးမှု၊ အားနည်းမှု ရှိသေးသည်ကိုတွေ့ရသဖြင့် စိတ်မကောင်းဖြစ်ရသည်။

ဆေးလိပ် မသောက်သင့်သော နေရာများတွင် ယခုတိုင် ဆေးလိပ်လက်ကြားညှပ်ကာ ရှိုက်ဖွာ၍ ပတ်ဝန်းကျင်အား ဆေးလိပ်ငွေ့များ ပျံ့နှံ့နေစေဆဲ၊ ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်ရင်း ဆေးလိပ်အငွေ့များ ထုတ်လွှတ်နေကြဆဲ၊ လက်ဖက်ရည်ဆိုင်များနှင့် ကွမ်းယာဆိုင်များတွင်လည်း စီးကရက်၊ ဆေးပေါ့လိပ်များကို တစ်လိပ်ချင်း လက်လီရောင်းနေဆဲဖြစ်ပါသည်။

ယမန်နှစ် ရန်ကုန်ဆောင်းသည် အထူးပင် အအေးတာရှည်ခဲ့ပါသည်။ အညာဒေသ၏ ချမ်းအေးမှုမျိုး ချမ်းရက် တာရှည်ခဲ့သည်။ ဘူးလေးရာဖရုံ ဆင့်သကဲ့သို့ မိုးကလည်း ရွာလိုက်သေးသည်။

ဤလိုရာသီဥတုမျိုးသည် ပန်းနာရင်ကျပ်ရောဂါသည်များအား ဖိစီးနှိပ်စက်သည့်အချိန်အခါ ဖြစ်ပါသည်။

စာရေးသူသည် ပန်းနာရင်ကျပ်ရောဂါသည် တစ်ဦးဖြစ်ရာ အအေးဒဏ် နှိပ်စက်မှုကြောင့် ညပေါင်းများစွာ မအိပ်ရဘဲ ငုတ်တုတ်မိုးလင်းခဲ့ရပေါင်းများပါပြီ။

ရင်ကျပ်ပြီဆိုလျှင် အသက်ရှူမဝ၊ အိပ်၍မရ၊ ငုတ်တုတ်ထိုင်နေမှအနည်းငယ်သက်သာကာ နေသာထိုင်သာရှိသည်မို့ အိပ်ရာခြင်ထောင်ထဲမှာပင် ထိုင်ရင်း မိုးလင်းခဲ့ရသည်။

ပန်းနာရင်ကျပ်အတွက် ဆေးသောက်၍လည်း လုံးဝမပျောက်၊ သက်သာမှုသာရသည်ဖြစ်ရာ ယနေ့တိုင် ရောဂါဒဏ်ကို ခံစားနေရဆဲ ဖြစ်သည်။

ဤသို့ ပန်းနာရင်ကျပ်ရောဂါ ရခဲ့ခြင်းမှာ ကျွန်တော်၏ မဆင်မခြင်ဆေးလိပ်သောက်ခဲ့ခြင်း၏ ဆိုးကျိုးဖြစ်ပါသည်။

ကျွန်တော် ကလေးနှစ်ယောက်ဖခင် ဖြစ်သည်အထိ ဆေးလိပ်မသောက်တတ်ခဲ့ပါ။

နောင်မှ ဆေးလိပ်စွဲသွားခြင်း ဖြစ်ပါသည်။ သောက်တတ်စက ဆေးပေါ့လိပ်သာ သောက်ခြင်းဖြစ်၏။ သည့်နောက်တော့ ဆေးပေါ့လိပ်မှသည် စီးကရက် လက်ကြားညှပ်သောက်သည့်အဆင့်ထိ ရောက်ခဲ့တော့သည်။

ထိုစဉ်က ခေတ်စားသော ကပ်စတန်စီးကရက် ၅၀ ဝင် သံဘူးကိုကိုင်ပြီး စတိုင်ကျကျ သောက်ခဲ့ဖူးသည်။ အသက်ရလာသောအခါ ဆေးပြင်းလိပ်ကို ပြောင်းပြီး သောက်ခဲ့မိပြန်သည်။ အသက်အရ ရင့်ကျက်မှုကို ပေါ်လွင်စေလိုသဖြင့် ဆေးပြင်းလိပ်တစ်လှည့်၊ ဆေးတံတစ်လှည့်သောက်ခဲ့၏။ ဤတွင် ချောင်းဆိုးရောဂါ စွဲကပ်လာတော့သည်။ ရင်ကျပ်လာသည်။ ကျွန်တော် ချောင်းဆိုးပြီး ရင်ကျပ်လာစဉ်တွင် ဇနီးသည်မှာလည်း နေရင်းထိုင်ရင်း မောမောနေသည့် ဝေဒနာ စွဲကပ်လာခဲ့ရ၏။

ဤတွင် ကျွန်တော့်ဇနီးသည်၏ ဝေဒနာကို ကုစားရန် ဆိပ်ကမ်းသာလမ်းရှိ ရန်ကုန်ဆေးကုခန်းသို့ သွားရောက်ပြီး သမားတော်ကြီးတစ်ဦးအား ပြသခဲ့သည်။ သမားတော်ကြီးက ကျွန်တော့်ဇနီးအား အီးစီဂျီ ရိုက်ကြည့်ပြီး "နှလုံးသွေးကြောတစ်ဖက် ကျဉ်းနေတယ်။ ခင်ဗျား ဆေးလိပ်သောက်တတ်သလား" ဟူ၍ မေးပါတော့သည်။

ဇနီးသည်က " လုံးဝမသောက်တတ်ပါဘူးဆရာ" ဟုဖြေ၏။ ဆရာက အတန်ငယ်စဉ်းစားပြီး "ခင်ဗျားအမျိုးသားကရော ဆေးလိပ်သောက်သလား"ဟု ထပ်မေးပြန်သည်။

ကျွန်တော်ကကြားဝင်၍ "သောက်တယ်ဆရာ"ဟု ဖြေသောအခါ ဆရာက "အဲဒါပေါ့၊ ခင်ဗျား နေ့စဉ်နဲ့အမျှ ဆေးလိပ်ဖွာလို့ ထွက်လာတဲ့အခိုးတွေ ရှူနေရတဲ့ ခင်ဗျားဇနီးဟာ ဆေးလိပ်သမားနည်းတူ ခုလိုဖြစ်လာရတာပဲ" ဟု ရှင်းပြ၏။

ဩော်- ကျွန်တော် အိမ်ထဲမှာ ဆေးလိပ်ငွေ့တွေ အမြဲတမ်း ပျံ့လွင့်နေအောင်သောက်ခဲ့ခြင်း၊ အိပ်ရာထဲအထိ အိပ်မပျော်မီ ဆေးပြင်းလိပ်ဖွာကာ အငွေ့တွေ ထုတ်လွှတ်ခဲ့ခြင်းတို့ကြောင့် ကျွန်တော်၏ ဇနီးသည် နှလုံးရောဂါဖိစီး ခံစားနေရခြင်းပါလား။

ထိုအချိန်မှစကာ ဆေးလိပ်၏ဆိုးကျိုးကို နဖူးတွေ့ ဒူးတွေ့ သိလိုက်ရတော့၏။

ကာယကံရှင် ဆေးလိပ်သောက်သူ ကျွန်တော်က ပန်းနာရင်ကျပ်ရောဂါသည်၊ တစ်ဆင့်ခံ ရှူရှိုက်မိသူဇနီးသည်ကတော့ နှလုံးသွေးကြောကျဉ်းရောဂါသည်။

သမားတော်ကြီးနှင့် တွေ့ပြီးနောက် ဆေးလိပ်သောက်ခြင်းကို အပြီးအပြတ် စွန့်လွှတ်လိုက်လေသည်။ ထိုသို့ ဆေးလိပ်ဖြတ်ခဲ့သော်လည်း ကျွန်တော့်ထံတွင် စွဲကပ်နေပြီဖြစ်သော ပန်းနာရင်ကျပ်ကမူ ယခုအသက် ရှစ်ဆယ့်ငါးနှစ်တိုင် နှိပ်စက်နေဆဲပင်. . .။ ထို့အတူ ကျွန်တော့် ဇနီးသည်မှာလည်း နှလုံးရောဂါပျောက်မသွား၊ နေ့စဉ်နှင့်အမျှ ဆေးသောက်နေရဆဲပင်ဖြစ်ပါသည်။

ဤသည်မှာ ပုံပြင်မဟုတ်ပါ။

ဆေးလိပ်၏ဆိုးကျိုးပင် ဖြစ်တော့သည်။

စာဖတ်သူသည် ဆေးလိပ် သောက်တတ်သူဖြစ်ပါက ယခုဆောင်းပါးကို ဖတ်ရှုရ၍ မိသားစုကျန်းမာရေးအတွက် ဆေးလိပ်သောက်ခြင်းကို ဖြတ်လိုက်နိုင်ပြီဆိုပါလျှင် စာရေးသူ ရေးသားရကျိုးနပ်ပေပြီ။ ။

**ဆေးလိပ် မသောက်သင့်သော နေရာများတွင် ယခုတိုင် ဆေးလိပ်လက်ကြားညှပ်ကာ ရှိုက်ဖွာ၍ ပတ်ဝန်းကျင်အား ဆေးလိပ်ငွေ့များ ပျံ့နှံ့နေစေဆဲ၊ ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်ရင်း ဆေးလိပ်အငွေ့များ ထုတ်လွှတ်နေကြဆဲ၊ လက်ဖက်ရည်ဆိုင်များနှင့် ကွမ်းယာဆိုင်များတွင်လည်း စီးကရက်၊ ဆေးပေါ့လိပ်များကို တစ်လိပ်ချင်း လက်လီရောင်းနေဆဲဖြစ်။**

## အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉) ကျင်းပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉) ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေး ဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက် မန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းစီမံချက်မန်နေဂျာဒေါက်တာသန်းထွန်းအောင်က အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီးအစည်းအဝေးတက်ရောက်လာသူများက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လူထုအတွင်း ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

လူထုအတွင်း ရှေးဦးပြုစုခြင်းသင်တန်း (၃/၂၀၀၈) ဆင်းပွဲကို နမ္မတူမြို့နယ် ဘော်တွင်းဒေသ၌ ကျင်းပရာ ဘော်တွင်းဒေသ ဒုတိယအထွေထွေ မန်နေဂျာ (သတ္တုတွင်း) ဦးဝင်းရွှေ၊ ဘော်တွင်းကျေးရွာအုပ်စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဘော်တွင်းဆေးရုံအုပ် ဒေါက်တာသန်းဌေးအောင်တို့က အမှာစကားပြောကြားကြသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းသို့ ဘော်တွင်းဒေသမှဝန်ထမ်း ၃၆ဦးနှင့်ဘော်တွင်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးတို့ တက်ရောက်ခဲ့ကြပြီးသင်တန်းနည်းပြများအဖြစ်နမ္မတူမြို့နယ်မှ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဒုတိယ တပ်ရင်းမှူး ဦးအောင်ဆန်းမြင့်နှင့်အဖွဲ့နှင့် ဘော်တွင်းဆေးရုံမှ သူနာပြုဆရာမကြီး ဒေါ်သင်းသင်းအေးတို့က ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) အထက(၁)တွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများအား နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၁) ၌ ပူဇော်မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဆရာမကြီး ဒေါ်မြင့်မြင့်သိန်း ဖုန်း-၅၈၄၈၁၇၊ မောင်ကျော်ဇင်ထွန်း ဖုန်း-၀၉-၅၁၅၆၈၈၂၊ မအေးငြိမ်းသူ ဖုန်း-၀၉-၅၁၉၈၆၀၃၊ မောင်ဟိန်း ထက်အာကာ ဖုန်း-၀၉-၅၀၆၇၆၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**မူးယစ်ကိုပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

## ဟသ်ာတအထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ဟသ်ာတမြို့နယ် အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၄၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ၂၂ရက် (အမျိုးသားနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ နဝရတ်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ကြရန်နှင့်လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်သိန်း ဖုန်း-၀၄၄-၂၁၁၁၀၊ ဦးသန်း ဖုန်း-၀၄၄-၂၁၄၉၀၊ ဒေါက်တာတင်သိန်း ဖုန်း-၀၉-၈၅-၈၀၁၉၆၊ ဦးငွေစိုး ဖုန်း-၀၄၄-၂၁၁၂၄၊ ဦးဝင်းဌေး ဖုန်း- ၀၄၄-၂၁၆၂၃၊ ဦးအောင်မြင့်စိုး ဖုန်း-၀၄၄-၂၁၇၂၂၊ ဦးစိုးမြင့်အောင်+ဒေါ်သန်းသန်းစော ဖုန်း-၆၆၃၄၄၈၊ ဦးရဲထွန်း ဖုန်း-၂၆၉၀၅၆၊ ဦးမောင်မောင်ကြည် ဖုန်း-၀၉-၅၀၂၉၅၄၃၊ ဒေါ်အေးအေးစိန် ဖုန်း- ၆၄၃၇၈၆၊ ဒေါ်မော်မော် ဖုန်း- ၅၃၉၁၄၉၊ ဦးအောင်မြသန်း ဖုန်း-၅၉၁၅၅၀ ၊ ဦးစံလှ ဖုန်း-၇၂၄၇၈၂၊ ဦးအောင်ကိုလတ် ဖုန်း-၀၉-၅၁-၂၂၄၃၅၊ ဦးဖေသန်း ဖုန်း-၅၃၉၅၇၅၊ ဦးဖေသက် ဖုန်း-၂၄၄၄၆၁၊ ဦးမျိုးဝင်းဇော်(နေပြည်တော်)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၀ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ အကပဒေသာ
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ **"ကြိုဆိုလျက်ပါ" (နန်းဆုရတီစိုး၊ ဇင်ဇင်ဇော်မြင့်၊ ၄က်ပျောကြော်၊ သင်ဇာဝင့်ကျော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်) (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

**၅-၁၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၃၅ ၄။ သီချင်းကြီးပဒေသာ
- ၄း၄၀ ၅။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ ဆုပန်ထွာ၊နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၅း၀၀ ၇။ မိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ တေးဂီတအစီအစဉ်
- ၅း၁၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၂၅ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဆွေ
- ၇း၀၀ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၅ ၁၅။ ဆိုလိုက်ကြစို့
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(အထက်တန်းအဆင့်)
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။





# တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး အမှာစကားပြောကြားပြီးဖွင့်

**ရန်ကုန် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ ၃၀ ရက်တွင် ရွှေဘိုမြို့ နယ်မြေခံတပ်၌ ကျင်းပသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၁၅)ကြိမ်မြောက် တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများကို သေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ)**

(သတင်းစဉ်)

# ဝန်ကြီး ဦးစိုးသာ တွံတေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၄**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် နိုဝင်ဘာ ၂ ရက်တွင် တွံတေးမြို့နယ် သဝန်းတောကျေးရွာရှိ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ သဝန်းတော၊ တူးချောင်းကြီး၊ အဘေစာဖြူစု၊ ကလီထော်၊ ခတ္တိယ၊ မဝန်းနှင့် ကြည်စိမ့်ကျေးရွာ အုပ်စုများမှ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျေးရွာရှိ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ကျေးရွာအတွင်း အများသုံးတယ်လီဖုန်း တပ်ဆင်နိုင်ရေး၊ ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွက် စာရေးခုံလိုအပ်ချက်များ၊ ကျေးလက်ကျန်းမာရေးဌာန သားဖွားဆောင် တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်း၊ ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထက(၄) မင်္ဂလာတောင်ညွန့် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

အထက(၄)၊ မင်္ဂလာတောင်ညွန့် (ယခင်-စိန့်အန်ထော်နီ) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ၂၀၀၈ ခုနှစ် အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသားများ အပါအဝင် ပါဝင်ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အလှူငွေများကို ဦးအောင်ကျော်ဟန် ဖုန်း-၂၄၉၉၉၈၊ ဦးဟန်ဌေး ဖုန်း-၅၅၀ ၅၃၂၊ ဦးလှမြင့် ဖုန်း-၂၄၀၅၅၄၊ ဦးမျိုးအောင် ဖုန်း-၀၉၅၀၄၇၁၃၀၊ ၃၉၄၆၉၄ နှင့် ဆရာဦးသစ်လွင် ဖုန်း-၃၉၄၆၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# အထူးကုဆရာဝန်များအဖွဲ့ ကျေးရွာပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီးနှင့် သွားဘက်ဆိုင်ရာတက္ကသိုလ်(ရန်ကုန်)တို့မှ ဆရာဝန်များ ပူးပေါင်း၍ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဆရာဝန်များအဖွဲ့နာယက ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ အထွေထွေရောဂါကု ဆရာဝန်များဖြစ်ကြသည့် ဒေါက်တာနေလင်း၊ ဒေါက်တာအောင်သန်း၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာနီလာသိန်း၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာကျော့သီတာထွန်းနှင့် အထူးကုဆရာဝန်များအဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကျေးရွာနှင့် ဆက်စပ်လျက်ရှိသော တောင်ကုန်း၊ ဆိတ်ကြီး၊ ကျွန်းချောင်း၊ မြတ်လေးရုံနှင့် ညောင်ပိုင်းကျေးရွာတို့ရှိ အထွေထွေရောဂါဝေဒနာရှင် ၆၂၆ဦး၊ မျက်စိဝေဒနာရှင် ၃၁၀၊ သွားရောဂါဝေဒနာရှင် ၇၈ ဦးနှင့် သားဖွားနှင့်မီးယပ်ရောဂါ ဝေဒနာရှင် ၂၆ ဦးတို့အား အခမဲ့စမ်းသပ်ကုသပေးခြင်း၊ လိုအပ်သောဆေးဝါးများ လှူဒါန်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီးနှင့် သွားဘက်ဆိုင်ရာတက္ကသိုလ်(ရန်ကုန်)တို့မှ ဆရာဝန်ကြီးများ ကွမ်းခြံကုန်းမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။** (မြို့တော်စည်ပင်)

# စာဖတ်သူတိုးပွားရေး ဟောပြောပွဲ ကျင်းပ

**မိုင်းယန်း အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်သူတိုးပွားရေးအတွက် ရည်ရွယ်၍ ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂နာရီက မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းမွန်းက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၂၀၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၅-၁၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၉။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၄၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၄၄)**
၆း၄၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၇။ **မြန်မာဗီဒီယို ဇာတ်လမ်းတွဲ -အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၁၁)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၂။ ဖြေလိုက်ပါ
၂၃။ ICT သုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၂၁)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

# ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်းများ ဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဘဏ်များအသင်း၏ စီမံမှုဖြင့် မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်းနှင့် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)တို့ ပူးတွဲပြီး ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း၌ ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အချိန်ပြည့် တစ်နှစ်သင်တန်းကို သင်တန်းသား ၄၆ ဦးဖြင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ ၂၀၀၈ခုနှစ် အောက်တိုဘာ ၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း (မန္တလေး)၌ ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)ကို နိုဝင်ဘာ ၇ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း (ရန်ကုန်)၌ ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း အမှတ်စဉ် (၂)ကို နိုဝင်ဘာ ၁၀ ရက်တွင် လည်းကောင်း ဖွင့်လှစ်ရန်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးမှူး ဒေါ်နီနီရွှေ ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားစခန်း စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၃၄ ဦးတို့အား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ရေး၊ မဆင်မခြင်ဖြင့် အရှိန်ပြင်းစွာ ကျော်တက်ခြင်းမပြုရေး၊ မော်တော်ယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ထားရှိရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောစဉ်။** (သတင်းစဉ်)



# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၄

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ကျေးရွာအတွက် ငွေကျပ်ကိုးသိန်းနှင့် ဂျင်နရေတာ တစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။**

ထို့နောက် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကုန်းသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးပြီး မြို့မရပ်ကွက် ပရဟိတ ပညာရေးကျောင်းမှ ကျောင်းသားများအတွက် ငွေကျပ်ရှစ်သိန်းထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဒီးမော့ဆိုမြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများအားအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ကာ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကဆေးရုံအတွက် ငွေကျပ်နှစ်သိန်းထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၁၃၀၊ အနံပေ ၃၀ရှိပြီး နိုင်ငံတော်က ငွေကျပ် သိန်း ၂၀၀၊ World Vision က ငွေကျပ် ၂၆ သိန်း၊ ရပ်မိရပ်ဖများက ငွေကျပ် သိန်း ၈၀ စုစုပေါင်း ငွေကျပ် ၃၀၆ သိန်းအကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဦးမောင်လာ၏ စံပြစပါးကွက်ရိတ်သိမ်း ခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံရှိ လူနာများအား ကြည့်ရှုအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ပြီး ခါတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သွားဆေးကုခန်းများကို ကြည့်ရှုစစ်ဆေးကာဆေးရုံအတွက် ငွေကျပ်နှစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာတွင် ဦးမောင်လာ၏ စံပြစပါးကွက် ရိတ်သိမ်း ခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။** (အပေါ်ပုံ)

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ခါတ်မြေသြဇာစက်ရုံ တည်ဆောက်ရေး စီမံကိန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် နိုဝင်ဘာ ၁ရက်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ)သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာနှင့် တာဝန်ရှိသူများက လုပ်ငန်းအလိုက်ပြီးစီးမှု၊ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးကာ ငွေကြေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရန် မှာကြားသည်။

ထို့နောက် နည်းပညာပိုင်းဆိုင်ရာ အရည်အသွေးပြည့်မီရေးကြီးကြပ်ဆောင်ရွက်ရန် ရောက်ရှိနေသည့် တရုတ်နိုင်ငံ HQCEC ကုမ္ပဏီမှ ပညာရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းများအရည်အသွေးမီ သတ်မှတ်ချိန်အတွင်းပြီးစီးရေး စဉ်ဆက်မပြတ်အနီးကပ် ဝိုင်းဝန်းကြီးကြပ်ပေးရန်နှင့် တပ်ဆင်ရမည့် စက်ပစ္စည်းများ အချိန်ကိုက် ရောက်ရှိရေးတို့ကို ဆွေးနွေးပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၂ရက်တွင် ပုသိမ်မြို့သို့ သွားရောက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပြန်လည်ဆွေးနွေးမှာကြား၍ HQCEC ကုမ္ပဏီမှပညာရှင်အဖွဲ့သို့ သစ်သီးခြင်းလက်ဆောင်ပေးအပ်ကာ လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး မှော်ဘီမြို့ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေး စီမံကိန်း (မြောင်းတကာ)တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၄

**ယနေ့မြန်မာစံတော်ချိန် ဝ၁ နာရီ ၅၆ မိနစ် ဝဝ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၇အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း သိရှိရသည်။**

(သတင်းစဉ်)

# ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက ၄၇ပါးစုံညီ ဆဋ္ဌအစည်းအဝေး ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ပါးစုံညီ ဆဋ္ဌအစည်းအဝေးကို (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀၊ ၁၁ ရက်)နိုဝင်ဘာ ၂၂၊ ၂၃ရက်(စနေ၊တနင်္ဂနွေနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် (၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်) နိုဝင်ဘာ ၁၈ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | ''ဒေဝဒူတသုတ္တန်''တရားတော် (ဆရာတော် ဦးအဂ္ဂဉာဏ) |
| ၈း၀၀ - ၂း၀၀ | တက်ညီလက်ညီရပ်တည်နိုင်ပြီ တိုင်းဧရာဝတီ (လမ်းဆောက်လုပ်ရေးစီမံကိန်း ကညင်ငူစခန်းနှင့် ဆားကွင်းပြင်ဆင်နေမှုများ) |
| ၈း၁၅ - ၂း၁၅ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၈း၄၀ - ၂း၄၀ | ပြင်ဦးလွင်မှာအံ့မခန်းနွဲပျော် တန်ဆောင်တိုင်ပွဲတော် |
| ၉း၀၅ - ၃း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | ဖန်တီးသူ၏ပညာစွမ်းမှသည်----လှပသောဘဝများဆီသို့ |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | နယဉ်ဆန်းထွင်ပန်းအလှဆင် |
| ၁၀း၁၀ - ၄း၁၀ | Music Talk (တေးသစ်တေးဟောင်းအကြောင်းစုံစုံ 'သီတာရတနာ') |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | Midweek Sports News |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | တူရာသီနှင့်ယှဉ်တွဲသံဃာ့ပဝါရဏာပွဲ |
| ၁၁း၀၀ - ၅း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | မြန်မာပြည်ခရီးစဉ်(ငွေဆောင်ခရီးစဉ်) |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပလိုဏ်ဂူမှာ |
| ၁၁း၅၀ - ၅း၅၀ | Myanmar Video Rhythm |
| ၁၂း၁၅ - ၆း၁၅ | မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ (ဒေါက်တာသိန်းသိန်းမြင့်) |
| ၁၂း၃၀ - ၆း၃၀ | ဓမ္မဒူတစက္ကူဒါနအလင်းအလျှုပွဲ |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Celtic - Man Utd | ESPN (Live) |
| | Real Madrid - Juventus | STAR SPORTS (Live) |

**○ ကျောဖုံးမှ**

ယင်းနောက် စက်ဖြင့် စပါးရိတ်သိမ်းခြွေလှေ့မှု စွမ်းရည်ပြပွဲတွင် ပထမဆုရရှိသော ပဲခူးမြို့နယ်အား တိုင်းမှူးက ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ပဲခူးတိုင်း ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းအဆင့်အောင်ချက် အကောင်းဆုံးဆုရ အထက(၃) ပဲခူးမြို့၊ သိပ္ပံတွဲ အမှတ်အများဆုံးဆုရ မသီရိစန္ဒာ အထက(၁) သာယာဝတီမြို့၊ ဝိဇ္ဇာတွဲ အမှတ်အများဆုံးဆုရ မလွင်လွင်ထွန်း အထက မိုးညိုမြို့နှင့် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ကိုးဦးတို့အား ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒုတိယဉက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများက တိုင်းအဆင့် အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများ၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိကြသူများ၊ ငါးဘာသာဂုဏ်ထူးရှင် ၅၀၊ လေးဘာသာဂုဏ်ထူးရှင် ၁၃၇ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄၃ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၈၁၇ ဦး တို့အား ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**▲ အင်တာနက်မှ**

အမေရိကန်သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က လူ ၄၅ဦးအား စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့အနက်မှ တစ်ဝက်သည် အင်တာနက်နှင့်ပတ်သက်ပြီး ဗဟုသုတရှိပြီးဖြစ်ကာ ကျန်တစ်ဝက်မှာမူ အင်တာနက် လုံးဝ အသုံးမပြုတတ်သူများဖြစ်သည်။ သိပ္ပံပညာရှင်များက အဆိုပါလူ ၄၅ဦးအား အင်တာနက်အသုံးပြုကာ ရှာဖွေမှုများ ပြုလုပ်စေခဲ့ပြီး ၎င်းတို့၏ ဦးနှောက်အတွင်း ဖြစ်စဉ်များပြောင်းလဲနေမှုကို ခေတ်မီနည်းပညာတစ်ရပ်နှင့် မှတ်တမ်းပြုစုခဲ့ပြီး ယခုကြေညာချက်အား ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အင်တာနက် အသုံးပြုရှာဖွေနေသူတစ်ဦး၏ ဦးနှောက်အတွင်း သွေးစီးဆင်းမှုမှာ အနည်းငယ်ပြောင်းလဲသွားတတ်ပြီး စာဖတ်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများထက် အကျိုးဖြစ်ထွန်းကြောင်း ပညာရှင်များကဆိုသည်။ ထို့ပြင် အဓိပ္ပာယ်ဖော်ပြရန် ခက်ခဲသည့် အခြားသော စွမ်းဆောင်ရည်များကိုလည်း အလိုလိုလှုံ့ဆော်လာနိုင်ကြောင်း ပညာရှင်များကပြောကြားခဲ့သည်။ ၎င်းတို့အနေနှင့် အင်တာနက်တွင် ရှာဖွေမှုများပြုလုပ်ခြင်းကြောင့် ဖြစ်လာနိုင်မည့် ကောင်းကျိုးရော၊ ဆိုးကျိုးများကိုပါ သိရှိနိုင်ရန် စီစဉ်ထားခဲ့ကြောင်း သုတေသီများက ဝန်ခံခဲ့သည်။ လက်ရှိအခြေအနေတွင် ရလဒ်ကောင်းများသာ တွေ့ရှိနေခဲ့ပြီး ယခုကဲ့သို့ အင်တာနက်နှင့် လူသားဉာဏ်ရည်ဆက်စပ်မှုအား ဆက်လက်သုတေသနပြုသွားဦးမည်ဟုလည်း သိရှိရသည်။

***အင်တာနက်။***

# ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

**ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဇုန်နယ်မြေလေးခုအတွင်း မိုးစပါး၊နွေစပါး၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ ဆီထွက်သီးနှံ၊ ကြက်ဆူနှင့် အစေ့ထုတ်ပြောင်းများကို လျာထားချက်ပြည့်မီကျော်လွန်အောင် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ခေတ်မီလယ်ယာစိုက်ပျိုးစက်ကိရိယာများ အသုံးပြုရေးနှင့် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။** (အောက်ပုံ)

ထို့နောက် ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက ဇုန်နယ်မြေများအလိုက် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ ဆီထွက်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဇုန်နယ်မြေအလိုက် တာဝန်ခံများက ဇုန်နယ်မြေများအတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ခရိုင်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**✧ ရှေ့ဖုံးမှ**

ယခင်စိုက်ပျိုးသည့် ဝါမျိုးများနေရာတွင် လက်ရှိစိုက်ပျိုးနေသော ငွေချည်(၆) ဝါမျိုးအား ပြောင်းလဲစိုက်ပျိုးရသည့်အတွက် တောင်သူများအနေဖြင့် အကျိုးကျေးဇူးများစွာရှိကြောင်း၊ အထွက်နှုန်းများသည့်အတွက် ဝင်ငွေလည်း ပိုမိုတိုးပွားကြောင်း သိရသည်။

**ခန့်မှန်းထား**

တောင်သူဦးကြည်၏ ဝါစိုက်ခင်း၌ လက်ရှိဝါပင်တစ်ပင်တွင် ဝါသီးလုံး ၆၀ ခန့်ရှိပြီး တစ်ဧကလျှင် ပိဿာ ၁၅၀၀ ခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကယား ဦးညွန့်တင်လေး၏ ရိုးရာအထည်ရက်လုပ်ငန်း အထည်ဆိုင်သို့ နိုင်ငံခြားသားများ ဝယ်ယူလေ့လာစဉ်။**

**✳ စက်မှုလက်မှုမှ**

အလုပ်ရုံအားလုံးနီးနီးမှာ လောပိတလျှပ်စစ်ဓာတ်အားကြောင့် ၂၄နာရီပတ်လုံး လည်ပတ်နိုင်ကြသည်။ လုပ်ငန်းရှင်အချို့မှာ အခြားဒေသများရှိ စက်မှုဇုန်များသို့ သွားရောက်လေ့လာခဲ့ကြပြီး စက်မှုရပ်ကွက်အတွင်း အလုပ်ရုံများကို ထပ်မံ တိုးချဲ့ကြမည်ဖြစ်ကြောင်း ကြားသိရ၍ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ဖြစ်ထွန်းလာပေတော့မည်။

ထိုမှတစ်ဆင့် လှိုင်ကော်မြို့ရှိ ကယားရိုးရာ အထည်ရက်လုပ်ငန်းသို့ သွားရောက်လေ့လာခဲ့ကြသည်။ ပိုင်ရှင်မှာ တေးသံရှင် ကယား ဦးညွန့်တင်လေးဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော်တို့ ရောက်ရှိချိန်တွင် နယ်သာလန်နိုင်ငံသား အမျိုးသား၊ အမျိုးသမီး နှစ်ဦးတို့ ဧည့်လမ်းညွှန်တစ်ဦး လိုက်ပါလျက် ရိုးရာအထည်များကို လာရောက်ဝယ်ယူ လေ့လာလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ပြီးခဲ့သည့် ရက်ပိုင်းကလည်း နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည် ၁၀ ဦးတို့ လာရောက်ဝယ်ယူ လေ့လာခဲ့ကြကြောင်း သိရသည်။

ကန္ဒရဝတီ ငွေတောင်ပြည်သည် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည်လည်း ပိုမိုတွင်ကျယ်လာခဲ့ပေသည်။ ပြည်နယ်၏ ရိုးရာဓလေ့စရိုက်များ၊ သာယာလှပသည့် တောတောင်ရှုမျှော်ခင်းများကား ကမ္ဘာလှည့် ခရီးသွားတို့ကို ညို့ငင်ခေါ်ယူလျက်ရှိပေသည်။

ကယားဦးညွန့်တင်လေး၏ ရိုးရာအထည်ရက် အလုပ်ရုံတွင် စက်ရက်ကန်း လေးလုံးနှင့် လက်ရက်ကန်း ရှစ်လုံး၊ ဝန်ထမ်းအင်အား ၁၆ ဦးတို့ဖြင့် လည်ပတ်လျက်ရှိပြီး ကယားရိုးရာ ကျား၊ မဝတ် အင်္ကျီ၊ လုံချည်များ၊ ရိုးရိုးချည်သာမက ရွှေချည်ထိုးရက်ထည်များ၊ စောင်နှင့်ပဝါအပါအဝင် ရိုးရာအထည်များကို တစ်နေ့ အထည် ၁၅၀ မျှ ထုတ်လုပ်နိုင်စွမ်းရှိပေသည်။ ပြည်နယ်၏ အမှတ်တရလက်ဆောင်အဖြစ် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

လှိုင်ကော်မြို့ရှိ ရွှေပန်သုကျောက်ပြားနှင့် အလှဆင်ကျောက်ပြားပစ္စည်းများ ထုတ်လုပ်ရာအလုပ်ရုံသို့လည်း သွားရောက်လေ့လာခွင့်ရခဲ့ရာ အသက်(၇၄)နှစ်ရှိ ပိုင်ရှင် ဦးစံဝင်းက ဖော်ဖော်ရွေရွေဖြင့် လိုက်လံပြသပေးပါသည်။

အလုပ်ရုံကို ၁၉၉၄ ခုနှစ် ကတည်းကစတင်ခဲ့ပြီး ကုန်ကြမ်းမာဘယ်ကျောက်များကို ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်များမှ ရရှိပေသည်။

အလှဆင်ပစ္စည်းများအဖြစ် ကျောက်ပြားစားပွဲ၊ ကျောက်ပန်းစိုက်အိုး၊ ကျောက်ဆေးလိပ်ခွက်၊ ကျောက်မီးတိုင်တို့အပါအဝင် အိမ်သုံးအလှဆင်ကျောက်ပစ္စည်းအမျိုးမျိုးကို လှပသပ်ရပ်စွာ ထုတ်လုပ်ထားသည်ကို တွေ့မြင်ခဲ့ရသည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားများက အမှတ်တရ ဝယ်ယူသုံးစွဲကြသဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားပင်မမျှကြောင်း သိရသည်။

ပိုင်ရှင်အဘဦးစံဝင်းက“ကျွန်တော့်အနေနဲ့ ဝယ်သူတွေမှာယူသလောက်တောင် ထုတ်မပေးနိုင်တော့ပါဘူး။ နောက်မျိုးဆက်သစ်တွေ ကျွန်တော့်ထက် လုပ်ငန်းကို တကယ့်စီးပွားဖြစ် တွင်တွင်ကျယ်ကျယ် လုပ်စေချင်ပါတယ်”ဟု ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ကယားပြည်နယ်သည် ကျောက်မီးသွေး၊ ခနောက်စိမ်း၊ စကျင်ကျောက်၊ ထုံးကျောက်၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီလိုက်၊ သံသတ္တုရိုင်း၊ တိုမလင်းစိမ်း၊ ရွှေစသည့် သယံဇာတအရင်းအမြစ်တို့ ပေါကြွယ်ဝရာဒေသတစ်ခုဖြစ်ပေသည်။ ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွက်လာသည်နှင့်အမျှ ခေတ်မီနည်းပညာတို့ကို အသုံးပြု၍ ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်ပါလျှင် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပေဦးမည်။

အလားတူ နယ်မြေဒေသ တည်ငြိမ် အေးချမ်းသာယာလာသည်နှင့်အမျှ သာယာလှပသည့် သဘာဝတောတောင် ရှုမျှော်ခင်းတို့ကြောင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပေလိမ့်မည်။

ကယားတိုင်းရင်းသားများ၏ နှစ်စဉ်ကျင်းပရာ လူမှုရေးနှင့်ဆိုင်သော ရိုးရာပွဲတော်များဖြစ်သည့် လက်ထပ်ထိမ်းမြားပွဲ၊ အိမ်သစ်တက်မင်္ဂလာပွဲနှင့် စီးပွားရေးဆိုင်ရာပွဲတော်များဖြစ်သည့် ကေ့ထိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲ၊ ဒီးကူ(ခေါ်) ကောက်ညှင်းထုပ်ပွဲတော်၊ ကေ(ခေါ်)တောကောင်လိုက်ပွဲတော် တို့သည်လည်း ကမ္ဘာလှည့် ခရီးသွားများကြားတွင် ရေပန်းစားလာမည့်ပွဲတော်များ ဖြစ်လာပေလိမ့်မည်။

ခြုံ၍ဆိုရသော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်ထောင်စုကြီး၏ အခြားပြည်နယ်နှင့်တိုင်းများ နည်းတူ ကယားပြည်နယ်သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ချေ။ ။



**လှိုင်ကော်မြို့ရှိ ရွှေပန်သု ကျောက်ပြားထုတ်လုပ်မှု အလုပ်ရုံ။**



**ကယားရိုးရာ အထည်ရက်လုပ်ငန်း အလုပ်ရုံတွင် စက်ရက်ကန်းနှင့် ထုတ်လုပ်နေစဉ်။**

# Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ တောင်ကိုရီးယားထိပ်တန်းကလပ်အသင်း ပါဝင်ယှဉ်ပြိုင်မည်

သတင်းနှင့် ဓာတ်ပုံ - စိုးညွန့် (ကြေးမုံ)

ရန်ကုန် နိုဝင်ဘာ ၄

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး International Beverages Trading Co., Ltd. (IBTC) Grand Royal ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လာရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံခြားအသင်းများအကြောင်း မိတ်ဆက်ကြရာတွင် "တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို လက်ရွေးစင် လေးသင်း၊ ကလပ် တစ်သင်းနှင့် ယူ ၂၃ တစ်သင်း စုစုပေါင်း ခြောက်သင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှာ မြန်မာအသင်းအတွက် ဆုဖလားပြိုင်ပွဲမတိုင်မီ အကြိုပြင်ဆင်မှုတစ်ခုဖြစ်ကြောင်း၊ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးကြသည့် Main Sponsor- Grand Royal (IBTC) နှင့် Co- Sponsor များဖြစ်သည့် Air Bagan၊ ကမ္ဘောဇဘဏ်၊ Alpine သောက်ရေသန့်၊ Calsome ကွေကာ၊ One Tea နို့ဆီ၊ လေဆာသွားတိုက်ဆေးနှင့် ဂေါ်ဇီလာ ခြင်နိုင်ဆေးတို့ကိုလည်း ကျေးဇူးတင်ပါကြောင်း"စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် International Beverages Trading Co., Ltd. (IBTC) မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က "မြန်မာ့ဘောလုံးလောကတိုးတက်ဖွံ့ဖြိုးရန်နှင့် မြန်မာ့ဘောလုံးအသင်းများ နိုင်ငံတကာအတွေ့အကြုံများရရှိပြီး အောင်မြင်မှုရရှိရန်အပြင် မြန်မာဘောလုံးပရိသတ်များ နိုင်ငံတကာဘောလုံးပြိုင်ပွဲတစ်ခုကို အားပါးတရ ကြည့်ရှုခံစားနိုင်စေရန်တို့အတွက် Grand Royal Challenge Cup 2008 ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ယင်းအတွက်ကြောင့်လည်း ယခု တတိယအကြိမ်အဖြစ်ဆက်လက်ကျင်းပနိုင်ရန် ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း"ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က ပြိုင်ပွဲအတွက် စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော စာနယ်ဇင်းများက သိလိုသည်များကို မေးမြန်းကြရာ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၂၁ရက်အထိ သုဝဏ္ဏ ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပြီး အာရှထိပ်သီး တောင်ကိုရီးယားနိုင်ငံမှ ထိပ်တန်းကလပ်အသင်းအပါအဝင် လက်ရွေးစင် လေးသင်း၊ ယူ-၂၃ တစ်သင်း စုစုပေါင်း ခြောက်သင်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ (က)အုပ်စုတွင် မြန်မာ့လက်ရွေးစင်၊ အင်ဒိုနီးရှား လက်ရွေးစင်၊ ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်၊ (ခ)အုပ်စုတွင် မာဒေးကား ချန်ပီယံ ဗီယက်နမ် ယူ-၂၃အသင်း၊ တောင်ကိုရီးယားကလပ် အူလ်ဆန်ဟွန်ဒိုင်းအသင်းနှင့် မလေးရှား လက်ရွေးစင်အသင်းတို့ပါဝင်ကြသည်။ ဆုကြေးများအဖြစ် ပထမဆု အမေရိကန်ဒေါ်လာ ၁၅၀၀၀နှင့် ဆုဖလား၊ ဒုတိယဆု အမေရိကန် ဒေါ်လာ ၇၅၀၀တို့ ချီးမြှင့်မည်ဖြစ်ပြီး ပွဲစဉ်အလိုက် အကောင်းဆုံးဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုများပါ ချီးမြှင့်မည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၂၀၀၀၊ ရိုးရိုးတန်းကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ပြိုင်ပွဲဝင်အသင်းများ လေ့ကျင့်နိုင်ရန် အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်း၊ စလင်းကွင်းနှင့် သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)တို့ကို လေ့ကျင့်ရေးကွင်းများအဖြစ် သတ်မှတ်ပေးထားကာ အုပ်ချုပ်သူများ အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဟု သိရသည်။ (ကြေးမုံ)






**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် Grand Royal Challenge Cup 2008 ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။**

**Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယား**

| **(က)အုပ်စု** | **(ခ)အုပ်စု** |
|---|---|
| မြန်မာ | ဗီယက်နမ် |
| အင်ဒိုနီးရှား | အူလ်ဆန်ဟွန်ဒိုင်း |
| ဘင်္ဂလားဒေ့ရှ် | မလေးရှား |

| | | | |
|---|---|---|---|
| ၁၁-၁၁-၂၀၀၈ | မြန်မာ-ဘင်္ဂလားဒေ့ရှ် | ၃နာရီခွဲ | သုဝဏ္ဏကွင်း |
| ၁၂-၁၁-၂၀၀၈ | ဗီယက်နမ်-မလေးရှား | ၃နာရီခွဲ | သုဝဏ္ဏကွင်း |
| ၁၃-၁၁-၂၀၀၈ | ဘင်္ဂလားဒေ့ရှ်-အင်ဒိုနီးရှား | ၃နာရီခွဲ | သုဝဏ္ဏကွင်း |
| ၁၄-၁၁-၂၀၀၈ | မလေးရှား-အူလ်ဆန်ဟွန်ဒိုင်း | ၃နာရီခွဲ | သုဝဏ္ဏကွင်း |
| ၁၅-၁၁-၂၀၀၈ | အင်ဒိုနီးရှား-မြန်မာ | ၃နာရီခွဲ | သုဝဏ္ဏကွင်း |
| ၁၆-၁၁-၂၀၀၈ | အူလ်ဆန်ဟွန်ဒိုင်း-ဗီယက်နမ် | ၃နာရီခွဲ | သုဝဏ္ဏကွင်း |
| ၁၈-၁၁-၂၀၀၈ | **ပထမအကြိုဗိုလ်လုပွဲ** | ၃နာရီ | သုဝဏ္ဏကွင်း |
| ၁၉-၁၁-၂၀၀၈ | **ဒုတိယအကြိုဗိုလ်လုပွဲ** | ၃နာရီ | သုဝဏ္ဏကွင်း |
| ၂၁-၁၁-၂၀၀၈ | **ဗိုလ်လုပွဲ** | ၃နာရီ | သုဝဏ္ဏကွင်း |

## အာရှအသက် (၁၉)နှစ်အောက်အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းက ဂျော်ဒန်အမျိုးသမီးအသင်းကို အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၄**

အာရှ အသက် (၁၉)နှစ်အောက် အမျိုးသမီး ခြေစစ်ဘောလုံးပြိုင်ပွဲ (က)အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ဒေသစံတော်ချိန် ၄နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသမီးအသင်းက ဂျော်ဒန်အမျိုးသမီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း၁၅မိနစ်တွင် နန်းခမ်းမို၊ ၂၇မိနစ်တွင် ဆုပြည့်မွန်နှင့် ၄၅မိနစ်တွင် ရီရီဦးတို့က သွင်းယူပေးခဲ့သည်။ မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အုပ်စု(က)တွင် လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲရှုံး ၉ မှတ်ရရှိထားပြီး နိုဝင်ဘာ ၆ ရက်တွင် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အောင်ပွဲရ မြန်မာဝူရှူးအဖွဲ့ ပြန်လည်ရောက်ရှိ



**ရွှေတစ်ခု၊ ငွေတစ်ခုရ ဝေဖြိုးအောင်။**

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၀၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သော တတိယအကြိမ်မြောက် ကမ္ဘာ့ရိုးရာဝူရှူးပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာဝူရှူးအဖွဲ့သည် ယနေ့ နံနက် ၁၁နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အမှုဆောင်များ၊ အားကစားသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အောင်ပွဲရ မြန်မာဝူရှူးအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်း (ဥက္ကဋ္ဌ၊ တပ်မတော်ဝူရှူးကော်မတီ)၊ နည်းပြအဖြစ် ဦးခွန်ဂျာအောင် (အထွေထွေအတွင်းရေးမှူး၊ ဝူရှူးအဖွဲ့ချုပ်)၊ အားကစားသမားများအဖြစ် အမျိုးသား- ဝေဖြိုးအောင် (အထက-၃၊စမ်းချောင်း)၊ ဟိန်းဇော် (အထက-၅၊ကမာရွတ်)၊ အမျိုးသမီး- ရွှေရည်လင်း(အထက-၂၊စမ်းချောင်း) နှင့် အိမ့်မီမီ(အထက-၁၊ဒဂုံ)တို့ပါဝင်ကြသည်။

မြန်မာဝူရှူးအဖွဲ့မှာ ယင်းပြိုင်ပွဲကို လူငယ်လက်ရွေးစင် ကစားသမားလေးဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး လေးဦးစလုံးက ဆုတံဆိပ်နှစ်ခုစီ ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆုတံဆိပ် ရှစ်ခုအနက် မောင်ဝေဖြိုးအောင်က နန်းချွမ်ပြိုင်ပွဲမှ ရွှေတစ်ခု၊ စွမ်းသောင်းပြိုင်ပွဲမှ ငွေတစ်ခု၊ မောင်ဟိန်းဇော်က မျောက်သိုင်းပြိုင်ပွဲမှ ရွှေတစ်ခု၊ မျောက်တုတ်ပြိုင်ပွဲမှ ငွေတစ်ခု၊ မရွှေရည်လင်းက အရက်မူးဓားပြိုင်ပွဲမှ ရွှေတစ်ခု၊ အရက်မူးသိုင်းပြိုင်ပွဲမှ ငွေတစ်ခု၊ မအိမ့်မီမီက နန်းချွမ်ပြိုင်ပွဲနှင့် နန်းကွန်ပြိုင်ပွဲတို့မှ ငွေတစ်ခုစီ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲကို နိုင်ငံပေါင်း ၆၉ နိုင်ငံမှ အားကစားသမားပေါင်း ၂၀၀၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

(ကြေးမုံ)



**ရွှေ တစ် ခု၊ ငွေ တစ် ခု ရ ရွှေရည်လင်း။**

## အသင်းကြီးများအားလုံးအမှတ်ပြည့်ရယူသွားနိုင်သည့် ချန်ပီယံလိဂ်ပွဲစဉ် (၄) ဒုတိယနေ့ ပွဲစဉ်များ

နိုဝင်ဘာ ၆ရက် (ကြာသပတေးနေ့) နံနက် ၂း၁၅နာရီ

UEFA CHAMPIONS LEAGUE

**ချန်ပီယံလိဂ်ပွဲစဉ်(၄) ဒုတိယနေ့ပွဲစဉ်များတွင် အသင်းကြီးများအားလုံး နိုင်ပွဲကိုယ်စီရသွားမယ့် အနေအထားမှာ ရှိနေပါတယ်။ အင်္ဂလန်မှ မန်ယူနဲ့ အာဆင်နယ်၊ စပိန်မှ ဗီလာရီးယဲလ်နဲ့ ရီးယဲလ်မက်ဒရစ်၊ ဂျာမနီမှ ဘိုင်ယန်မြူးနစ်တို့ဟာ ယခုပွဲစဉ်(၄)ကို အနိုင်ရရှိခဲ့ပါက အုပ်စုကတက်သွားတော့မှာ ဖြစ်ပါတယ်။**

### အုပ်စု(င)

**ဆဲလ်တစ် - မန်ယူ**

မန်ယူတို့ ဒီပွဲနိုင်ရင် အုပ်စုကတက်နိုင်တော့မှာပါ။ ဒါကြောင့် ယခုကစားမှာက ဆဲလ်တစ်ရဲ့ စကော့တလန်မြေဆိုပေမယ့် မန်ယူတို့ နောက်ကြောင်းအေးအောင် ဒီပွဲကို အနိုင်ကစားထားဖို့ရှိပါတယ်။ ဆဲလ်တစ်ကတော့ အယ်လ်ဘော့ဂ်နဲ့ အပြိုင် ယူအီးအက်ဖ်အေသွားဖို့ကိုပဲ ကြိုးစားရမှာပါ။ မန်ယူအဝေးကွင်းဖြစ်ပေမယ့် အနိုင်သေချာတဲ့ပွဲပါ။

**အယ်လ်ဘော့ဂ်-ဗီလာရီးယဲလ်**

ဗီလာရီးယဲလ်တို့ မန်ယူနဲ့အတူ နောက်တစ်ဆင့် တက်သွားမှာပါ။ လက်ရှိ ခြေစွမ်းအရ အသင်းငယ်ကလေး အယ်လ်ဘော့ဂ်ဟာ ဗီလာရီးယဲလ်ကို ယှဉ်နိုင်ဖွယ်ရာမရှိပါဘူး။ ဗီလာရီးယဲလ်တို့ အဝေးကွင်းဖြစ်ပေမယ့် အနိုင်ရလဒ်ကို ရှာဖွေသွား နိုင်မှာပါ။

### အုပ်စု(စ)

**လိုင်ယွန် - စတူအာဘူခါရက်**

လိုင်ယွန်တို့ နောက်တစ်ဆင့် တက်ချင်တယ်ဆိုရင် ဒီပွဲကို အနိုင်ကစားထားဖို့ လိုပါလိမ့်မယ်။ စတူအာဘူခါရက်ကတော့ ယူအီးအက်ဖ်အေကိုသွားဖို့တောင်မလွယ်လှတဲ့ အသင်းပါ။ လိုင်ယွန်တို့ ပထမအကျော့က အဝေးကွင်းမှာ အနိုင်ရခဲ့သလို ယခုအိမ်ကွင်းမှာလည်း စတူအာဘူခါရက်ကို ထပ်မံအနိုင်ရရှိ သွားဦးမှာပါ။

**ဖီအိုရင်တီးနား - ဘိုင်ယန်မြူးနစ်**

ဖီအိုရင်တီးနားတို့အုပ်စုက တက်ဖို့ဆိုတာ မျှော်လင့်ချက်က ပါးပါးလေးပဲရှိပါတယ်။ဖီအိုရင်တီးနားရဲ့ ခြေဟာသာမန်အဆင့်မှာသာရှိသလို ဘိုင်ယန်မြူးနစ်ရဲ့ ခြေကလည်း အကောင်းကြီးမဟုတ်ပါဘူး။ ဒါကြောင့် ဒီပွဲရဲ့ အဖြေကိုတော့ သရေလို့ပဲယူဆချင်ပါတယ်။

### အုပ်စု(ဆ)

**အာဆင်နယ် - ဖီနာဘာချီ**

အာဆင်နယ်တို့ ဒီပွဲနိုင်ရင် အုပ်စုက တက်နိုင်တော့မှာပါ။ လက်ရှိ အာဆင်နယ်ရဲ့ ခြေစွမ်းဟာ အားရစရာမရှိတာမှန်ပေမယ့် ပရီမီယာလိဂ်မှာ ရင်ဆိုင်နေရတဲ့ ဖိအားတွေကို ဝင်းဂါးတစ်ယောက် ဒီပွဲနဲ့ အစားထိုးချေဖျက်ဖွယ်ရာရှိနေပါတယ်။ ဖီနာဘာချီကတော့ ဒီအုပ်စုရဲ့ အဖြည့်ခံသက်သက်ပါ။ ခြေစွမ်းချင်း ကွာဟမှုရှိတာကြောင့် အိမ်ကွင်းမှာ ပေါက်ကွဲပြမယ့် အာဆင်နယ်တို့ ခြေပြတ်၊ ဂိုးပြတ်နဲ့ အောင်ပွဲခံသွားမှာပါ။

**ဒိုင်နမိုကီယက် - ပေါ်တို**

ဒီနှစ်သင်းကတော့ အာဆင်နယ်နောက်ကနေ အုပ်စုတက်နိုင်ရေး ကြိုးစားကြရမှာပါ။ခြေညီတဲ့ နှစ်သင်းဆုံတွေ့တာမှန်ပေမယ့် ဒိုင်နမိုကီယက်က အိမ်ကွင်းအားသာချက်ရှိတာကြောင့် အဝေးကွင်းမှာ အနိုင်ရခဲ့တဲ့ ဂိုးရလဒ်အတိုင်း အိမ်ရှင်တို့ ထပ်မံအနိုင်ရသွားမယ်လို့ ထင်ပါတယ်။

### အုပ်စု(ဇ)

**ရီးယဲလ်မက်ဒရစ် - ဂျူဗင်တပ်စ်**

ပထမအကျော့ အဝေးကွင်းမှာ ခြေသာခဲ့ပေမယ့် အနိုင်မရခဲ့တဲ့ စပိန်သားတို့ ဒီတစ်ကြိမ် အိမ်ကွင်းမှာ ရှုံးကြေးပြန်ဆပ်ဖို့ ရှိပါတယ်။ ဂျူဗင်တပ်စ်ရဲ့ခြေစွမ်းထက် ရီးယဲလ်မက်ဒရစ်ရဲ့ အိမ်ကွင်းခြေစွမ်းကို ပိုကြိုက်မိတာကြောင့် ဒီပွဲမှာ အိမ်ရှင်ကိုပဲ အနိုင်ပေးလိုက်ပါတယ်။

**ဘိုရီဆော့ဗ် - ဇင်းနစ်**

နှစ်သင်းလုံး အုပ်စုကတက်ဖို့ မျှော်လင့်ချက်မရှိတော့ပါဘူး။ယူအီးအက်ဖ်အေကို သွားဖို့ပဲကြိုးစားကြရတော့မှာပါ။ ခြေစွမ်းချင်းကွာဟမှုမရှိတဲ့ ဒီနှစ်သင်းဟာ ပထမအကျော့ကလိုပဲ သရေနဲ့သာ အဆုံးသတ်သွားဖွယ်ရာရှိ နေပါတယ်။

**ဝင်းတင်(ကြေးမုံ)**

## နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ မရမ်းကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကေသရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာ၊ ခမည်းတော် ဦးဘိုး၏၊ မယ်တော် ဒေါ်ငွေသီတို့မှ ၁၂၈၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် တနင်္လာနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

**ရှင်/ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ရက် နံနက် ၉နာရီအချိန်တွင် သထုံမြို့ တလိုင်းကုန်းကျောင်းတိုက် မူလဓမ္မမေဒနီ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းတိုက်ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပရိယတ္တိစာပေကျမ်းဂန်များကို သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ရရှိသည်အထိ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မရမ်းကုန်းကျောင်းတိုက်ကြီး၌ စာပေကျမ်းဂန်များကို ပို့ချတော်မူ၍ ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီးကျင်းပရာတွင် ဆဋ္ဌသင်္ဂီတိပေဋကောပဒေသ ပါဠိဝိသောဓက၊ ပါဠိဘာဏက၊ ၁၃၄၁ ခုနှစ်တွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ပထမအကြိမ်/ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ်/စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပြည်နယ်သံဃာ့ဝန်ဆောင်၊ ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပြည်နယ်သံဃနာယကနှင့် ပြည်နယ်သြဝါဒါစရိယ၊ ပဉ္စမအကြိမ်မှစ၍ ဆဋ္ဌမအကြိမ် နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါအရ (၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ တနင်္ဂနွေနေ့ နံနက်(၀၁း၀၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။



**အောက်တိုဘာ ၂၃ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် အသုံးပြုရန် ငွေကျပ်သုံးသိန်းကို မုံရွာဆရာမိုး-(ဒေါ်သိန်းမီ)၊ သားဗိုလ်ကြီး ကျော်ကိုကိုရှိန်း-သမီးမိုးပြည့်ပြည့်ဖြိုး၊ မြေး ကျော်ကိုကိုဆက်နိုင် (မုံရွာဆရာမိုးရှောက်တစ်လုံးဝမ်းမှန်ဆေး မိသားစု)က ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေထံ ပေးအပ်လှူဒါန်းစဉ်။** (၆၇)

## ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၄**

"နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် Think Tank များ"အကြောင်းနှင့်ပတ်သက်၍ ပညာရှင်ကြီးများ၊ သတင်းစာဆရာ၊ စာရေးဆရာများ၏ သုံးသပ်ချက်များ ပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၄၃) ထွက်ရှိလာသည်။

ယင်းအပြင် တရုတ်၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတို့ အပြန်အလှန်ကုန်သွယ်မှု ကန်ဒေါ်လာသန်း ၁၂၀ ထိရရှိရန် ဆောင်ရွက်မည်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်မှ နိုင်ငံခြားငွေလဲလက်မှတ်အသုံးပြုပုံများကို လာရောက်လေ့လာ၊ KBSရုပ်သံကုမ္ပဏီက မြန်မာနိုင်ငံသို့လာရောက်၍ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းကို မှတ်တမ်းတင် ရိုက်ကူး၍ တစ်ကမ္ဘာလုံးသို့ ထုတ်လွှင့်ပြသမည်၊ ပင်လယ်ဒီရေ သို့မဟုတ် ရေစီးကြောင်းကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်၊ မြစ်ကြီးနားနှင့် နမ့်ဆန်မြို့များတွင် မြေငလျင်တိုင်းစက်များ တပ်ဆင်တော့မည်၊ ငွေဆောင်ကမ်းခြေတွင် ဆိုင်ကယ်အသင်း ထူထောင်ပြေးဆွဲမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ 'ကြိုးစားမှုနှင့်ရလဒ်'အကြောင်း၊ အဆိုတော်လုပ်ဖို့ အခြေအနေမပေးဘူးလို့ဆိုလာတဲ့ မိုးယုစံနှင့် အခြားဖျော်ဖြေရေးသတင်းများ စသည့်ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

အာရှတိုက်အပေါ် ရှုမြင်သည့် အမေရိကန်သမ္မတလောင်းနှစ်ဦး၏ သဘောထားအမြင် ကွဲလွဲနေ၊ စင်ကာပူတွင် အလုပ်လက်မဲ့နှုန်းမြင့်တက်၊ သစ်ပင်တစ်ပင်နှင့်မခြား ဇီးကွက်တစ်ကောင် ပရိယာယ်များ၊ စင်ကာပူ-ကူမင်း ရထားလမ်းဆက်သွယ်မှု အဆုံးသတ်ပြီးစီးရေး အာဆီယံအဖွဲ့ဝင် နိုင်ငံများအား မလေးရှားက တိုက်တွန်း၊ ဂျပန်နှင့် တရုတ်ယုံကြည်မှုတည်ဆောက်ရန် နိုင်ငံခေါင်းဆောင်များ အချင်းချင်းအရေးပေါ် တိုက်ရိုက်ဆက်သွယ်နိုင်မည့် ဖုန်းလိုင်းတစ်လိုင်းထူထောင်ရန် သဘောတူညီ၊ နှလုံးရောဂါ ခံစားနေရသောလူနာများအား နှစ်နာရီအတွင်း သော့ပေါက်ခွဲစိတ်မှုပြုပါက တစ်နှစ်လျှင်အသက်ပေါင်းရာချီ ကယ်နိုင်မည်ဖြစ်၊ "ခေတ်သစ်ပေါရိသာဒ ဗြိတိသျှလူမျိုးစားဖိုမှူးထောင်ဒဏ်အနှစ် ၃၀ကျခံရ" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံတောင်ပိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပါသည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ ပင်လောင်းမြို့တွင် ၁ဒသမ၁၈လက်မ၊ ကျိုင်းတုံမြို့တွင် ၁ဒသမ၁၄လက်မ၊ သံတွဲမြို့တွင်၁ဒသမ ၁၀လက်မနှင့် ပုသိမ်မြို့တွင် ၀ဒသမ ၈၃လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**နိုဝင်ဘာ ၅ရက် ညနေအထိခန့်မှန်းချက်။** ။ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပြင်လယ်ပြင်တွင်** ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| **အမြင့်ဆုံးအပူချိန်** | ၃၁ဒသမ၅ဒီဂရီစင်တီဂရိတ် (၈၉ဒီဂရီဖာရင်ဟိုက်) | ၃-၁၁-၂၀၀၈ |
| **အနိမ့်ဆုံးအပူချိန်** | ၂၀ဒသမ၆ဒီဂရီစင်တီဂရိတ် (၆၉ဒီဂရီဖာရင်ဟိုက်) | ၄-၁၁-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် စိုထိုင်းဆ | ၇၉ရာခိုင်နှုန်း | ၄-၁၁-၂၀၀၈ |
| နေပူသည့်နာရီပေါင်း | ၆ ဒသမ ၀ နာရီခန့် | ၃-၁၁-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၄-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၇၆၉မမ (၁၀၉ ဒသမ၀၂ လက်မ) | ၃၀၆၆မမ (၁၂၀ လက်မ၇၁ လက်မ) | ၃၅၇၆မမ (၁၄၀ဒသမ၇၉လက်မ) |

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃-၁၁-၂၀၀၈ ရက် ၁၄း၃၀ နာရီတွင် အနောက်ဘက်မှ တစ်နာရီ လေး မိုင်နှုန်းတိုက်ခတ်သည်။

## ခိုးမှုကျူးလွန်သူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၄**

ကားရှေ့ခန်းတွင်ထားသော ငွေ ၅၅သိန်းခိုးယူသူအား တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့က အောက်တိုဘာ ၂၉ ရက်တွင် သက်သေခံငွေများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက်နေ ဦးဝေယံစိုးသည် ယာဉ်မောင်း ဦးဝင်းမျိုးထွန်း၊ အလုပ်သမား ဦးမြင့်စိုးတို့နှင့်အတူ ၅က/၆၆၁၁ ကင်တာယာဉ်ဖြင့် ဝက်များဝယ်ယူရန် တိုက်ကြီးမြို့နယ်ဘက်သို့သွားခဲ့ကြောင်း၊ ဥတိုစည်ပင်စိုက်ကွင်းအရောက် ဥတို-အဖျောက်လမ်းမပေါ်တွင် ယာဉ်အား ရပ်တန့်ပြီး ၎င်းတို့သုံးဦးမှာ လမ်းတစ်ဖက်ခြမ်းရှိ ဈေးဆိုင်အတွင်း ဝင်ရောက်ထိုင်နားကာ အဖျောက်ဘက်မှ ဝက်တင်လာမည့်ယာဉ်အား စောင့်ဆိုင်းနေခဲ့ကြောင်း၊ နာရီဝက်ခန့်အကြာ ကားထံသို့လှည့်ကြည့်ရာ ကားဝဲဘက်တံခါးမှာ ဟနေသည်ကိုတွေ့ရှိ၍ သွားကြည့်သောအခါ ကားခေါင်းခန်းအတွင်း လက်ဆွဲအိတ်ဖြင့်ထည့်ထားသည့် ငွေကျပ် ၅၅ သိန်းပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် တိုက်ကြီးရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း။

တရားခံနှင့် သက်သေခံပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းနိုင်ရေးအတွက် တိုက်ကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ အောက်တိုဘာ ၂၉ ရက် ည ၁၀ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူ စိုးဝင်းသန်း(၃၂)နှစ်၊ ထုံးစုရွာ ဘောလကွတ်ကျေးရွာအုပ်စု တိုက်ကြီးမြို့နယ်နေသူအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း။

စိုးဝင်းသန်း၏ ထွက်ဆိုချက်အရ ၅က/၆၆၁၁ မော်တော်ယာဉ်မှ ငွေများကို ဆန်းလင်းဇော်(၂၄)နှစ်၊ ကတိုင်စိန်ကျေးရွာ တိုက်ကြီးမြို့နယ်နေသူနှင့်အတူ ခိုးယူခဲ့ကြောင်း ဝန်ခံထွက်ဆိုပြီး စိုးဝင်းသန်း နေအိမ်မှ ခိုးယူသွားသည့် ငွေ ၁၃၂၉၀၀၀ ကိုလည်းကောင်း၊ ဆန်းလင်းဇော်အား ယင်းနေ့ည ၁၁ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးရမိပြီး ၎င်း၏နေအိမ်မှငွေကျပ် ၂၄သိန်းကိုလည်းကောင်း ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၁၉၆၈ ခုနှစ် ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

၁၉၆၈ခုနှစ် ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန ကျောင်းသား၊ကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် လှူဒါန်းလိုသူများသည် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဓနုဖြူဦးစိုးမြင့် ဖုန်း-၀၉၅၁၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉၅၀၀၀၆၉၀၊ ဦးမောင်မောင်အုန်း-ဖုန်း-၆၁၀၇၂၄၊ ဦးမောင်မောင် (ဒိုက်ဦး)၊ ဒေါ်ခင်ဆွေရီနှင့် ဒေါ်ခင်လှမြင့် ဖုန်း-၂၅၂၉၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ဆန်အရည်အသွေးတိုးတက်မြင့်မားရေး ကြိတ်ခွဲမှုနည်းပညာ ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာဆန်စက်ကုမ္ပဏီလီမိတက်နှင့် Buhler ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့ဆန်အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဆန်ကြိတ်ခွဲမှုနည်းပညာ ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် Buhler ကုမ္ပဏီလီမိတက်မှ ဆန်ကြိတ်ခွဲမှု နည်းပညာညွှန်ကြားရေးမှူး ဒေါက်တာရဲအောင်က ခေတ်မီဆန်ကြိတ်ခွဲမှုနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှဦးစိန်မောင်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အင်ဂျင်နီယာဌာန အင်ဂျင်နီယာချုပ် ဦးနီပေါနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းတို့က ပါဝင်ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးဟောပြောပွဲသို့ တက်ရောက်လာကြသူများသည် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၆၉)ရှိ ဆန်စက်လုပ်ငန်းရှင်များ အသင်းရုံး၌ ပြသထားသည့် Buhler ကုမ္ပဏီမှ ထုတ်လုပ်သည့် ခေတ်မီနောက်ဆုံးပေါ် မတ်ရပ်ဆန်ဖြူဖွပ်စက်နှင့် ဆန်အရောင်တင်စက်တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)



# တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကျောက်တံခါးမြို့နယ် ကျွန်းစိုက်ခင်းများစစ်ဆေး တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ပွဲတက်ရောက်




ရန်ကုန်  နိုဝင်ဘာ  ၄

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြီးဝိုင်းရှိ အမျိုးသား သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျွန်းပျိုးဥယျာဉ်၌ ကျွန်းပင်များ ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကျွန်းပျိုးပင်ကို ငုတ်တက်ဖြတ်ကာ စိုက်ပျိုးရန်ပြင်ဆင်မှုကို ပြုလုပ်ပြသသည်။**

ထို့နောက် တိုင်းမှူးသည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ အုပ်စု ကွင်းအမှတ်(၄၂၆)ရှိ တောင်သူ ဦးလေးဝင်း၏ လယ်မြေ၌ ကျင်းပသော ပဲခူးတိုင်း စက်မှုလယ်ယာဦးစီးဌာန၏ စက်ဖြင့်စပါး ရိတ်သိမ်းခြွေလှေ့မှု စွမ်းရည်ပြပွဲသို့ တက်ရောက်အားပေးကာ စက်ဖြင့် စပါးရိတ်သိမ်းမှု စွမ်းရည်ယှဉ်ပြိုင်ပြသခြင်းကို ကြည့်ရှု အားပေးပြီး စပါးရိတ်သိမ်းစက်များ၊ စက်ဖြင့်စပါးခြွေလှေ့နေမှုများ ကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ပဲခူးတိုင်း ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ထူးချွန်ဆု ရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

## အင်တာနက်သတင်း

# အင်တာနက်အသုံးပြုရှာဖွေခြင်းကြောင့် ဦးနှောက်ပိုင်းဆိုင်ရာ စွမ်းရည်တိုးမြှင့်

အင်တာနက် အသုံးပြုရှာဖွေမှုလုပ်ငန်းများ သည် အသိဉာဏ်တိုးတက်မှုအတွက် အထောက် အကူပြုနိုင်ကြောင်း သိရှိရသည်။ နောက်ဆုံး တွေ့ရှိရသော သုတေသနစစ်တမ်းတစ်ခုအရ အင်တာနက်တွင် ရှာဖွေစူးစမ်းမှုများ ပြုလုပ် လေ့ရှိသည့် လူလတ်ပိုင်းနှင့် သက်ကြီးပိုင်း အရွယ်များ၏ ဦးနှောက်ပိုင်းဆိုင်ရာ စွမ်းဆောင် ရည် တိုးမြှင့်လာကြောင်း သိရှိခဲ့ရသည်။ ယခင်နှစ် များအတွင်း ကွန်ပျူတာအသုံးပြုမှုနှင့် ဦးနှောက် စွမ်းရည်အကြား ဆက်စပ်မှုများကို စနစ်တကျ လေ့လာမှုများ တိုးမြှင့်ပြုလုပ်လာခဲ့ကြသည်။

အထူးသဖြင့် Puzzle ဂိမ်းကဲ့သို့ ဉာဏ်စမ်း ပဟေဠိ ကွန်ပျူတာဂိမ်းများနှင့် မှတ်ဉာဏ်ဂိမ်းများ ကြောင့် ဦးနှောက်ပိုင်းဆိုင်ရာတိုးတက်မှု၊ ထိခိုက် မှုများအား လေ့လာခဲ့ကြပြီး အင်တာနက် အသုံး ပြုခြင်းနှင့် ဉာဏ်ရည်တိုးတက်ခြင်း ဆက်စပ်မှု ရှိမရှိဆိုသည်ကိုပါ ဂရုတစိုက် လေ့လာခဲ့ကြရာမှ ယခုရလဒ် ထွက်ပေါ်လာခြင်းဖြစ်သည်။ အင်တာ နက်တွင် ရှာဖွေမှုများပြုလုပ်ချိန်အတွင်း ဦးနှောက် ရှိ ဆဲလ်များအား ပိုမိုအလုပ်လုပ်ရန် လှုံ့ဆော် ပေးသလို ဓာတုဗေဒဖြစ်စဉ်ပြောင်းလဲမှုများ ပေါ် ပေါက်တတ်သောကြောင့် ဉာဏ်ရည်တိုးတက် ရေးအတွက် အကျိုးဖြစ်ထွန်းစေကြောင်း သိပ္ပံ ပညာရှင်များက အတည်ပြုပြောဆိုခဲ့သည်။

ဦးနှောက်ဖွံ့ဖြိုးပြီးသော အသက်အရွယ်တွင် အယ်လ်ဇိုင်းမားကဲ့သို့သော ရောဂါများဖြစ်ပွားနိုင် ခြေ တိုးတက်လာမှုကိုလည်း အဆိုပါဓာတုဖြစ်စဉ် များက လျှော့ချနိုင်သည်ဟု သိရှိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

# စက်မှုလက်မှုလုပ်ငန်းများဖြင့် ဖွံ့ဖြိုးဝေဆာလျက်ရှိသည့် ကယားပြည်နယ်

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - လှမိုး(သတင်းစဉ်)



**ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) စက်မှုရပ်ကွက်ရှိ စက္ကူစက်။**

ကျွန်တော်တို့သည် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်တုန်းရောက်ခိုက် စက်မှု လက်မှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို တစေ့တစောင်း လေ့လာခွင့်ရခဲ့ပါသည်။

ရှေးဦးစွာ လွိုင်ကော်မြို့ အမှတ်(၁) စက်မှု ရပ်ကွက်သို့ သွားရောက်လေ့လာခဲ့ရာ အဆိုပါ စက်မှုရပ်ကွက်ကို ၂၀၀၇ ခုနှစ် မေ ၁၅ရက် တွင် စတင်ပန္နက်တင်ခြင်း၊ တောရှင်းခြင်းနှင့် လမ်း၊ လျှပ်စစ်မီးများ၊ အခြေခံအဆောက်အအုံ များ တည်ဆောက်ခြင်းတို့ဖြင့် စတင်ဆောင်ရွက် ခဲ့ကြကြောင်း သိရှိရသည်။

ယခုအခါ ပဲခွဲစက်၊ဆီစက်၊ပလတ်စတစ်စက်၊ သံရည်ကျိုစက်၊ သစ်ခွဲစက်၊ စက္ကူစက်အပါအဝင် လည်ပတ်အလုပ်ရုံပေါင်း ၆၀ကျော်ဖြင့် ကုန်ထုတ် လုပ်လျက်ရှိကြသည်။

ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ပံ့ပိုးမှုဖြင့် လမ်းများ၊ လျှပ်စစ်မီးများ၊ စက်မှုလုပ်ငန်းသုံး ပါဝါလိုင်းများ ဆက်သွယ်ပေး ခြင်း၊ လုပ်ငန်းလိုင်စင်များ စီစဉ်ဆောင်ရွက်ပေး ခြင်းများအပါအဝင် ကဏ္ဍအလိုက် ပံ့ပိုးဆောင် ရွက်ပေးခဲ့၍ ကုန်ထုတ်လုပ်မှုများ တိုးတက် ဖွံ့ဖြိုးနေကြောင်း သိရသည်။

ကုန်ကြမ်းများကို ပြည်နယ်အတွင်းမှာပင် အဓိကရယူ၍ ကုန်ချောများကို တောင်ကြီး၊ မန္တလေး၊ မကွေး၊ ရခိုင် စသည့်ဒေသများသို့ ပေးပို့ရောင်းချလျက်ရှိသည်။

ကျွန်တော်တို့သည် အလုပ်ရုံအမျိုးအစား အလိုက် ကြည့်ရှုလေ့လာခဲ့ကြရာ ပဲခွဲစက်နှင့် ဆီစက်သို့ရောက်သော် ဒေသထွက်မြေပဲဆီစစ်စစ် ၏ သင်းပျံ့သော အမွှေးရနံ့ကို ခံစားမိသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



**ပလတ်စတစ်အလုပ်ရုံ လုပ်ငန်းခွင် တစ်နေရာကို တွေ့ရစဉ်။**

ယ နေ့ ကြေးမုံ ပြ ည် တွ င်း ပြ ည် ပ သ တ င်း မျ ာ း အ ညွှ န်း



သဘာဝဘေးအန္တရာယ်သတင်းများ စာမျက်နှာ ၅

ချန်ပီယံလိဂ်
ပွဲစဉ်(၄) ဒုတိယနေ့
ပွဲစဉ်များ
စာမျက်နှာ ၁၀

**ကားရှေ့ခန်းတွင်ထားသော ငွေကျပ် ၅၅ သိန်း ခိုးမှုကျူးလွန်သူများအား ရဲတပ်ဖွဲ့က ဖော်ထုတ် ဖမ်းဆီး**
*မှုခင်းသတင်း* စာမျက်နှာ ၁၁